# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ ၂၀၀၈ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၃၂၄)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၈ခုနှစ် ဩဂုတ်၂၄ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ယူကရိန်းနိုင်ငံသမ္မတ မစ္စတာ ဗစ်တာယူရှုချန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဒါသီရိဗိမာန်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari အား ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဒါသီရိဗိမာန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

### ဒုတိယအကြိမ်

ထို့အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့သည် နံနက်၉နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ ဒုတိယအကြိမ် တွေ့ဆုံကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တက်ရောက်ကြသည်။

ထို့နောက် Mr.Gambari သည် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ တာဝန်ရှိသူများနှင့် မွန်းလွဲ ၂နာရီ မိနစ်၂၀တွင် ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ တွေ့ဆုံသည်။

### ပြန်လည်ထွက်ခွာ

ယင်းနောက် Mr.Gambari သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Tej Bunnag ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဒါသီရိဗိမာန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့၌ ရောက်ရှိနေသော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Tej Bunnag ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေဒါသီရိဗိမာန်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Tej Bunnag ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnag လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၂၄ ရက်)

## နယ်စပ်ဖြတ်ကျော် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး ပူးပေါင်းပါဝင်ဆောင်ရွက်

ကြက်ငှက်တုပ်ကွေးရောဂါသည် အမျိုးအစားအေ ဗီဇရှိသည့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသော ကူးစက်ရောဂါ ဖြစ်သည်။

ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် အာရှ၊ အာဖရိက၊ ဥရောပဒေသ နိုင်ငံ ၆၁နိုင်ငံတွင်ဖြစ်ပွားခဲ့ပြီး ကြက်၊ ဘဲနှင့်ငှက် စုစုပေါင်းကောင်ရေ သန်း၂၆၀ကို သုတ်သင်ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ကြက်ငှက်တုပ်ကွေးသည် ရောဂါရှိနေသော တိရစ္ဆာန်များနှင့် ထိတွေ့နီးစပ်သော လူများမှတစ်ဆင့် လူသို့ကူးစက်စေခြင်းဖြစ်ပြီး အသက်ဆုံးရှုံးနိုင်သည်အထိ အန္တရာယ်ကြီးမားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ $H_5N_1$ ကူးစက်ဖြစ်ပွားမှုသည် အာရှ၊ အာဖရိက၊ ဥရောပဒေသ နိုင်ငံ၁၄နိုင်ငံတွင် လူသို့ ၃၈၅ဦး ကူးစက်ခဲ့ပြီး ၂၄၃ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်အတွင်း ပထမအကြိမ် စစ်ကိုင်း၊ မန္တလေးတိုင်းတို့၌ လည်းကောင်း၊ ၂၀၀၇ ခုနှစ်အတွင်း ဒုတိယအကြိမ် ရန်ကုန်၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တို့၌လည်းကောင်း၊ တတိယအကြိမ်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌လည်းကောင်း ဖြစ်ပွားခဲ့သည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုကြောင့် တိရစ္ဆာန်မှလူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုကို ကာကွယ်ထိန်းချုပ်နိုင်ခဲ့ပြီး ၂၀၀၈ ဧပြီ၂၀ရက်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းသောနိုင်ငံအဖြစ် ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။

ကြက်ငှက်တုပ်ကွေးသည် နယ်စပ်ဖြတ်ကျော် ကူးစက်မှုလမ်းကြောင်းများရှိသဖြင့် ယင်းကူးစက်မှုလမ်းကြောင်းကို ကြိုတင်ကာကွယ်တားဆီးသွားကြရမည် ဖြစ်သည်။

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် ပွားများနိုင်သည့်နေရာ၊ ဗိုင်းရပ်စ်ခိုအောင်းနိုင်သည့် တိရစ္ဆာန်၊ ရောဂါကူးစက်လွယ်ကူသော တိရစ္ဆာန်တို့ကို သတိပြုစောင့်ကြည့်ရမည်ဖြစ်ပြီး နယ်စပ်ဖြတ်ကျော် ကြက်၊ ဘဲ သားပေါက်များ၊ ကြက်ထွက်ပစ္စည်းများ တရားမဝင် နယ်စပ်မှဝင်ရောက်ခြင်းမရှိရေး၊ လက်ခံခြင်း မပြုရေးတို့ကို ဂရုတစိုက် ကာကွယ်တားဆီးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ကြက်ငှက်တုပ်ကွေးရောဂါကို နယ်စပ်ဖြတ်ကျော် ကူးစက်မှုလမ်းကြောင်းမှ နိုင်ငံတွင်းသို့ ဝင်ရောက်မှုမရှိစေရန် မွေးမြူရေးလုပ်ငန်းရှင်များ၊ သယ်ယူရောင်းချသူများသည် ကြိုတင်ကာကွယ်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကိုးဘွဲ့ရဆရာတော် ဝါတွင်းဓမ္မသဘင်ဟောကြားမည်

ရန်ကုန် ဩဂုတ် ၂၃

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဩဂုတ် ၂၄ရက်နှင့် ၂၅ ရက်တို့တွင် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်တရားပွဲ၊ ၂၇ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ လမ်း(၆၀) ၃၄X၃၅ကြား နဂါးကွက်သစ် သီလရက္ခိတဓမ္မာရုံ ဓမ္မာသန ပလ္လင်တော် ရေစက်ချပွဲ၊ ယင်းညတွင် ရွှေဘိုမြို့နယ် ကျောက်မြောင်းရွာ ညတရားပွဲ၊ ဩဂုတ် ၃၁ရက်တွင် စစ်ကိုင်းရွှေဟင်္သာ၌ မယ်တော်ကြီးဒေါ်ညိုမွေးနေ့အလှူပွဲ၊ စက်တင်ဘာ ၇ရက်တွင် ချောင်းဦးမြို့ မကျီးဘုတ်ရွာ ဘုရားပွဲ၊ ၈ရက်မှ ၁၂ရက်အထိ ငါးညတိုင်တိုင် ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် တိလောကာရာမ ကျောင်းတိုက်အတွင်း ကိုးဘွဲ့ရဆရာတော် ကိုယ်တိုင်ဆောက်လုပ်လှူဒါန်းသော ကိုးဘွဲ့ရစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ကိုးဘွဲ့ရ အခမဲ့ဇီဝိတဒါနဆေးခန်း၊ ကျောင်းဆောင်တစ်ဆောင်တို့ကို ရေစက်ချအထူးတရားပွဲ၊ ၁၄ ရက်မှ ၁၆ ရက်အထိ ဝမ်းတွင်းမြို့နယ် လျှော်ပင်ရွာအထူးတရားပွဲ၊ ၁၇ရက်နှင့် ၁၈ရက်တို့တွင် မိတ္ထီလာမြို့ စက်မှုဇုန်တရားပွဲ၊ ၁၉ရက်တွင် စစ်ကိုင်းမြို့ ထူပါရုံဘုရားကြီး ဘုရားပွဲ၊ စက်တင်ဘာ ၂၉ရက်မှ အောက်တိုဘာ ၁၅ရက်အထိ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာဒေသ အမေ့ကျေးဇူးဆပ် ဘုရားဖူးခရီးစသည်တို့သို့ ကြွရောက်တော်မူမည်ဖြစ်ရာ တရားပွဲရက်ရရှိပြီးသူများအနေဖြင့် ဆရာတော်ဖုန်း-၀၉-၂၁-၃၀၈၉၅၊ ၀၉-၅၀-၅၅၁၇၆၊ ၀၉-၅၀-၅၅၈၃၈၊ ၀၉-၉၉-၇၀၄၈၆၊ ၀၁-၇၀၈၄၀၃နှင့်၀၇၂-၂၂၁၇၀ တို့သို့ ကြိုတင် ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

## မြဝတီရုပ်မြင်သံကြား

၂၄-၈-၂၀၀၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၃၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ယောက္ခမဆိုသည်မှာ** |
| ၁၃း၅၀ | ၆။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၁၅ | ၄။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄း၂၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၃၀ | ၆။ | အမျိုးသားရေးတေးကဗျာ |
| ၄း၃၅ | ၇။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၄း၅၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၀၀ | ၉။ | သံစဉ်များနဲ့ကမ္ဘာ |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၅ | ၁၃။ | အုံသြဖွယ်ရာဆပ်ကပ်ပညာ |
| ၆း၄၅ | ၁၄။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၉၉) ဇာတ်သိမ်း |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | ပဟေဠိနန်းတော် |
| | ၂၀။ | ကျန်းမာသုတ |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း -၂၂) |

## ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ အခြေခံအင်္ဂလိပ်စကားပြောသင်တန်း အမှတ်စဉ် (၂/ ၂၀၀၈) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက မြန်မာ့ရေမြေသဘာဝအလှအပများနှင့် ကမ္ဘာ့လှည့် ခရီးသွားများအား ဆွဲဆောင်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**သင်တန်းဆင်းအောင်လက်မှတ်**

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသား တစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်၍ ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်(**အပေါ်ပုံ**)က သင်တန်းတွင် ထူးချွန်ခဲ့သည့် သင်တန်းသား၊ သင်တန်းသူ သုံးဦးတို့အား ထူးချွန်ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ကိုးဦး၊ သင်တန်းသူ ၁၃ဦး စုစုပေါင်း ၂၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သီရိသုခဓမ္မာရုံ ဥပုသ်နေ့ အထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်း လသာမြို့နယ် အမှတ် (၁)ရပ်ကွက် ၁၈လမ်းအောက်လမ်း အမှတ်၄၅ သီရိသုခဓမ္မာရုံကြီး၌ ဝါတွင်းကာလဥပုသ်နေ့တိုင်း နံနက်၁၀နာရီတွင် သီလတရားချီးမြှင့် အလုပ်သင်တရား၊ မွန်းလွဲ၁နာရီတွင် ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်းတရားနှင့် ညနေ၃နာရီတွင် သစ္စာလေးပါးတရားတော်များကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်) ဂဏဝါစက ဓမ္မာစရိယ သာသနဓဇ ဓမ္မာစရိယက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋ္ဌိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားနာယူနိုင်ကြောင်းနှင့် ကြွရောက်လာသော ပရိသတ်များအား နေ့လယ်စာ အာဟာရများဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၀၈ ( တနင်္ဂနွေနေ့ )

**AM & PM**

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | **ဗျာသနတရားငါးပါး** တရားတော် (ရွှေမြင့်မိုရ်ဆရာတော် ဘဒ္ဒန္တသောဘဏ) |
| ၈း၀၅-၂း၀၅ | Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)] |
| ၈း၅၀-၂း၅၀ | Activities In The City (အမြင်သစ်စာပေ၏ စတုတ္ထအကြိမ်မြောက် အထူးရှားပါးစာအုပ်များ ပြပွဲ၊ရောင်းပွဲ) |
| ၉း၀၅-၃း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၅-၃း၁၅ | နယည်ဆန်းထွင် ပန်းအလှဆင် (ပန်းအိုးအမြင့်ဖြင့် ပန်းအလှဆင်နည်း) |
| ၉း၃၅-၃း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀-၃း၄၀ | ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ |
| ၉း၅၅-၃း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀-၄း၀၀ | လှပသစ်ဆန်းအလှပြင်ခန်း (FUJIKO Beauty Center) |
| ၁၀း၁၅-၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀-၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅-၄း၂၅ | သွားကျန်းမာရေး ပညာပေးအစီအစဉ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာကိုကိုမော်) |
| ၁၁း၀၅-၅း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀-၅း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀-၅း၂၀ | သွားမယ်စားမယ် (Swe Thai Restaurant) |
| ၁၁း၄၅-၅း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀-၅း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၅-၅း၅၅ | ကွန်းခိုရာ |
| ၁၂း၂၀-၆း၂၀ | Biz Net |
| ၁၂း၃၅-၆း၃၅ | တေးဂီတအစီအစဉ် |
| ၁၂း၄၀-၆း၄၀ | ဝိနည်းနှင့်ညီချုပ်လုပ်စီရင် လျော်ညီဆင်မြန်း မြတ်သင်္ကန်း |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၅၅ | Wigan-Chelsea | ESPN (Live) |
| ၉း၂၅ | Man City-West Ham | ESPN (Live) |

**Beijing Olympic 2008 အားကစားပြိုင်ပွဲ အစီအစဉ်များ**

| ညနေ | အကြောင်းအရာ | ပြသမည့်လိုင်း |
|---|---|---|
| ၃း၄၀ | Beijing Olympic 2008 အားကစားပြိုင်ပွဲ အစီအစဉ်များနှင့် ပိတ်ပွဲအခမ်းအနား | MRTV-4 (Live) |

## ဧယျာသီရိပိမာန်ညှော်ခန်းမ၌လက်ခံတွေ့ဆုံ

ဩဂုတ်၂၃ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် **Mr. Ibrahim Agboola Gambari** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိပိမာန် ညှော်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ဩဂုတ်၂၃ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး **H.E. Mr. Tej Bunnag** အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိပိမာန် ညှော်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

## ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်ဇနီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၃**

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Tej Bunnag နှင့် ဇနီး Madam Phensri Bunnag တို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် စနာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Tej Bunnag နှင့် ဇနီးတို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Bansarn Bunnag နှင့် ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## တာချီလိတ်ဆေးရုံသစ်အတွက် ထိုင်းနိုင်ငံအစိုးရက ဘတ်ငွေနှစ်သန်းလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၃**

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Tej Bunnag သည် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ ကျင်းပသည့် တာချီလိတ် ဆေးရုံသစ်အတွက် ထိုင်းနိုင်ငံအစိုးရက ထိုင်းဘတ်ငွေနှစ်သန်း လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Bansarn Bunnag နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေးအပ်**

ရှေးဦးစွာထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Tej Bunnag က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ တာချီလိတ်ဆေးရုံသစ်အတွက် ထိုင်းနိုင်ငံအစိုးရက လှူဒါန်းမည့် ထိုင်းဘတ်ငွေနှစ်သန်းကိုပေးအပ်၍ **(အပေါ်ပုံ)** ဝန်ကြီး ဒေါက်တာကျော်မြင့်က ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

## ကျွန်းလှမြို့၌ မိခင်နို့တိုက်ကျွေးရေး ဟောပြော

**ကျွန်းလှ ဩဂုတ် ၂၃**

ကျွန်းလှမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ဩဂုတ်၇ရက်က မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမတွင် ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းမြင့်၊မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမင်းမျိုးထွန်း၊သူနာပြု-၁ ဒေါ်သန္တာတို့က မိခင်နို့စနစ်တကျတိုက်ကျွေးရေးအကြောင်း ဟောပြောကြပြီး မိခင်နို့စနစ်တကျတိုက်ကျွေးရေး အချက်အလက်ဆိုင်ရာပြိုင်ပွဲ ဆုရရှိသူ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးမိခင်များအား ဆုချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၃၃)ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၃**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၃၃)တွင် 'စိုက်သောအပင်၏ အသီးစားချိန်' အထူးသတင်းဆောင်းပါးနှင့်အတူ သဃ်န်းကျွန်းတွင် နှစ်လောင်းပြိုင်လူသတ်မှုဖြစ်ရာ တရားခံတစ်ဦး သုံးရက်အတွင်းဖမ်းဆီးနိုင်ခဲ့၊ တောင်ပြိုမှုကြောင့် ခေတ္တတုံ့ဆိုင်းခဲ့သည့် မြဝတီကုန်သွယ်ရေးစခန်းပုံမှန်ပြန်ဖြစ်ပြီ၊ လေဘေးသင့်ဒေသအချို့ရှိ အိုင်အင်န်ဂျီအိုဝန်ထမ်းများ စေတနာထားဆောင်ရွက်ကာ အနေအထိုင်လည်း ဆင်ခြင်သင့်၊ ဒီဇယ်တစ်ပီပါ ကျပ်နှစ်သိန်းငါးသောင်းနှစ်ထောင်ဖြင့် စီးပွားရေးလုပ်ငန်းရှင်များကို ရောင်းပေး၊ ပြင်ခရိုင် ကျေးရွာတစ်ရွာတွင် ကျပ်သန်းတစ်ရာ့ငါးဆယ်ဖိုး ငါးဖမ်းစက်လှေများ ဂျိမ်းစ်ဘွန်းမင်းသားလျှမည်၊ဦးထွန်းလွင်ကို မိုးလေဝသပညာရပ်ဆိုင်ရာပါရဂူဘွဲ့ချီးမြှင့်မည်၊ မိကျောင်းများဝယ်ယူနိုင်ပြီ စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ 'တစ်ပတ်တည်းမှာပြောစရာ (Quotes of the Week)'ကဏ္ဍ၊ မြင်းမိုရ်တောင်ထွတ်များသို့ ဦးခိုက်ခြင်း… မျက်မှောက်ရေးရာ ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ကမ္ဘာကြီးကို ပြန်လည်ဆန်းစစ်ဖို့ လိုအပ်နေပါတယ်' ဂျာမနီနိုင်ငံခြားရေးဝန်ကြီး စတိန်းမားနှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အိုဘားမားအကြောင်း ရှုတ်ချရေးသားထားသည့်စာအုပ် အရောင်းသွက်၊ အမေရိကန် သုတေသနအဖွဲ့တစ်ဖွဲ့ ဓာတ်ခွဲခန်းအတွင်း သွေးအတုဖန်တီးနိုင်ပြီ၊ နှစ်ပေါင်း ၄၂နှစ်အတွင်း အဆိုးရွားဆုံး ရေကြီးမှု လာအိုကြုံတွေ့နေ၊ ရုရှားကိုဘယ်သူဦးဆောင်နေဆဲဆိုတာ ဂျော်ဂျီယာတိုက်ပွဲက သက်သေပြ၊ ၉/၁၁ တိုက်ခိုက်မှုအတွက် ဆော်ဒီတွင် တာဝန်မရှိ၊ ဗန်ကောက်မြို့ကို အဆိုးရွားဆုံး မုန်တိုင်းကြီးဝင်ရောက်မည်ဟု သတိပေးနှိုးဆော်ထား၊ အသားဟင်းလျာတွင် ဆံပင်မွေးထည့်သည့် စားဖိုမှူး ထောင်ခြောက်လကျ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချီထားသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့်အထိမ်းအမှတ် နှစ်နိုင်ငံအစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများကိုအပြန်အလှန်ပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၈ခုနှစ် ဩဂုတ်၂၄ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့၏ သံတမန်ဆက်သွယ်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခါသမယ၌ နှစ်နိုင်ငံအစိုးရအဖွဲ့ အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများကို အပြန်အလှန်ပေးပို့ခဲ့ကြသည်-

## ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲထံသို့ ပေးပို့သည့်သဝဏ်လွှာ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ သံတမန်ဆက်သွယ်မှု စတင်တည်ထောင်သည့် နှစ်(၆၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားများကိုယ်စား အဆွေတော်ဝန်ကြီးချုပ်နှင့် အဆွေတော်မှတစ်ဆင့် ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူပြည်သားများထံသို့ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

### ပိုမိုတိုးတက်

လွန်ခဲ့သော နှစ်ပေါင်း(၆၀)ကာလကို ပြန်လည်ကြည့်ရှုပါက အဆွေတော်နှင့် မိမိတို့နှစ်နိုင်ငံသည် တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်မြင့်မားလာရေးအတွက် အဘက်ဘက်တွင် ပူးပေါင်းလုပ်ကိုင်နိုင်ခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို စောင့်ထိန်းလျက် ဒေသတွင်းရှိနိုင်ငံများနှင့် အိမ်နီးချင်းကောင်း ပီသစွာ ဆက်ဆံသည့် မူဝါဒကို ကျင့်သုံးနေသည့်အလျောက် မိမိတို့ နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ အဆိုပါအခြေခံမူကြီးများအပေါ်အခြေခံလျက် ဆက်လက်တိုးတက်ခိုင်မြဲနေမည်ဟု ယုံကြည်ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား အဆင့်မြင့် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် ပုံမှန်သွားရောက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်နားလည်မှုပိုမိုရရှိပြီး လာမည့်ဆယ်စုနှစ်များအတွင်း နှစ်ဦးနှစ်ဖက် ကြုံတွေ့လာရမည့် ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ရန် အခွင့်အလမ်းများ ရရှိစေမည်ဟု ယူဆပါသည်။

### ခိုင်မြဲစွာယုံကြည်

မိမိတို့ ပူးတွဲကြိုးပမ်းချက်များသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက် တည်ရှိဆဲကောင်းမွန်သည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးမြှင့်စေရုံမျှသာမက ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက်လည်း အထောက်အကူပြုစေနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ခိုင်မြဲစွာယုံကြည်ပါသည်။

(သတင်းစဉ်)

## ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ ပေးပို့သည့်သဝဏ်လွှာ

နေပြည်တော် ဩဂုတ် ၂၄

ယခုနှစ်သည် ထိုင်းနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့ သံတမန်အဆက်အသွယ် တည်ထောင်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခါသမယဖြစ်သည့်အလျောက် ထိုင်းနိုင်ငံအစိုးရနှင့် ထိုင်းပြည်သူပြည်သားများကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူပြည်သားများထံ လှိုက်လှဲနွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများတောင်းလိုက်ပါသည်။

### အကျိုးတူပူးပေါင်း

မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများ တူညီကြသည့်အလျောက် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုတို့သည် အခြေအမြစ်ခိုင်မာစွာ တည်ရှိပြီးဖြစ်ပါသည်။ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို တိုးတက်ကောင်းမွန်စေရန် ပြုစုပျိုးထောင်ပေးလိုသည့် တူညီသော ရည်မှန်းချက်နှင့်အတူ လွန်ခဲ့သော နှစ်ပေါင်း(၆၀)က မျိုးစေ့ချခဲ့သည့် ချစ်ကြည်ရင်းနှီးမှုသည် ယခုအခါ ခိုင်မာကြီးထွားလာပြီး နှစ်နိုင်ငံ၏ တူညီမှုအကျိုးစီးပွားအတွက် အသီးအပွင့်များ ဝေဝေဆာဆာပွင့်ဖူးလျက် ရှိနေပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ပူးတွဲကော်မတီနှင့် ဒေသဆိုင်ရာ နယ်ခြားကော်မတီကဲ့သို့သော နှစ်နိုင်ငံဆက်ဆံရေးမျက်နှာစာနှင့် အာဆီယံ၊ အက်ခ်မက်စ်၊ ဂျီအမ်အက်စ်အစရှိသည့် နိုင်ငံတကာဆက်ဆံရေးမျက်နှာစာတို့တွင် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံပြည်သူများ၏ လူနေမှုဘဝကို တိုးတက်ကောင်းမွန်စေသည့်အပြင် ဒေသတစ်ခုလုံး ငြိမ်းချမ်းသာယာစွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့အတွက် အကျိုးတူပူးပေါင်းဆောင်ရွက်သွားလိုသည့် သန္နိဋ္ဌာန်ကို ထင်ဟပ်ပြသလျက်ရှိပါသည်။

မိမိတို့သည် ယခုအခါ သမားရိုးကျမဟုတ်သော စိန်ခေါ်မှုပေါင်းများစွာဖြင့် ပြည့်နှက်နေပြီး အပြန်အလှန်တိုးတက်မှီခိုလာရသည့် ကမ္ဘာကြီးတွင် မှီတင်းနေထိုင်ကြရသည့်အလျောက် မည်သည့်နိုင်ငံမျှ တစ်နိုင်ငံတည်း အတိုင်းအတာဖြင့် အဆိုပါစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည် မဟုတ်ပါ။ သို့ဖြစ်၍ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အတူတကွ လက်တွဲဆောင်ရွက်သွားကြမည်ဆိုပါက မည်သို့သော အခက်အခဲကိုမဆို ကျော်လွှားနိုင်မည်ဖြစ်ပြီး မိမိတို့ရှေ့မှောက်ရှိ အခွင့်အလမ်းများ၏ အသီးအပွင့်များကို မျှဝေခံစားနိုင်မည်ဟု အခိုင်အမာယုံကြည်မိပါသည်။

### အလေးထား

ထိုသို့ ယုံကြည်သည့်အလျောက် မိမိတို့နှစ်နိုင်ငံအကြား တည်ရှိပြီး ချစ်ကြည်ရင်းနှီးသည့် မိတ်ဆွေကောင်းပီသသော ဆက်ဆံရေးကိုမြှင့်တင်ရန်နှင့် အနာဂတ် နှစ်ကာလများတွင် မိမိတို့နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် ထိုင်းနိုင်ငံအစိုးရအနေဖြင့် အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးထံပေးပို့သည့်သဝဏ်လွှာ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ သံတမန်ဆက်သွယ်မှု စတင်တည်ထောင်သည့် နှစ်(၆၀)ပြည့်မြောက်သည့် အခါသမယတွင် အဆွေတော်ထံသို့ ဆုမွန်ကောင်းများပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

### မှတ်တိုင်သစ်

ယခုကဲ့သို့ မင်္ဂလာရှိသော အထိမ်းအမှတ်အခါသမယကို အမှတ်ရဆင်နွှဲခြင်းဖြင့် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းတွင် အရေးပါသော မှတ်တိုင်သစ်တစ်ရပ် စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါသည်။ ယခုအခါသမယသည် မိမိတို့၏ အပြန်အလှန်အကျိုးရှိမှုနှင့် လေးစားမှုတို့ကို အခြေခံ၍ နှစ်နိုင်ငံအကြား တည်ရှိသည့် ကောင်းမွန်သောဆက်ဆံရေးကို ပိုမိုခိုင်မြဲစေရန် အရှိန်အဟုန်တိုးမြှင့်စေမည်ဟု အခိုင်အမာယုံကြည်ပါသည်။

နှစ်နိုင်ငံချင်း အဆင့်လိုက်သာမက ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တွင်ပါ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးတက်လာစေရန် အဆွေတော်နှင့် ပိုမိုနီးကပ်စွာ ဆောင်ရွက်သွားရန် မိမိအနေဖြင့် မျှော်လင့်ပါသည်။

(သတင်းစဉ်)

## ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာတက်ဘွန်နတ်(ခ်)ထံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံသို့ ပေးပို့သည့်သဝဏ်လွှာ

နေပြည်တော် ဩဂုတ် ၂၄

ထိုင်းနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တို့ သံတမန်အဆက်အသွယ် တည်ထောင်မှု နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူပြည်သားများထံသို့ ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းများတောင်းလိုက်ပါသည်။

### အခြေခံအုတ်မြစ်

၁၉၄၈ခုနှစ် ဩဂုတ်၂၄ရက်တွင် မိမိတို့နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်းဆက်ဆံရေး၌ မျက်နှာစာသစ်တစ်ရပ် စတင်ဖွင့်လှစ်ခဲ့ပါသည်။ နှစ်ပေါင်း၆၀ ကြာမြင့်ပြီးသည့်အချိန်တွင် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍပေါင်းစုံကို လွှမ်းခြုံထားနိုင်သည်အထိ တိုးတက်ဖြစ်ပေါ်လာခဲ့ပါသည်။ တူညီသော ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အလေးထားမှုများကလည်း နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုအတွက် အထောက်အကူဖြစ်စေသကဲ့သို့ နှစ်နိုင်ငံအစိုးရအဖွဲ့များအကြား မိမိတို့နှစ်နိုင်ငံအတွက်သာမက ဒေသတွင်းနှင့် ထို့ထက်ကျော်လွန်သည့်နယ်ပယ်အထိ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် ကြိုးပမ်းလိုသည့် တူညီသောဆန္ဒများဖြင့်လည်း စည်းနှောင်ဆက်နွှယ်လျက် ရှိကြပါသည်။ ယနေ့အချိန်တွင် မိမိတို့သည် ပိုမိုတောင့်တင်းခိုင်မာသော နိုင်ငံရေးနှင့် လူမှုစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်သွားနိုင်မည့် ခိုင်မာသည့် အခြေခံအုတ်မြစ်ကို ရရှိပြီးဖြစ်ပါသည်။

ယနေ့ကဲ့သို့ အရေးကြီးသည့်အခါသမယကို အမှတ်တရဆင်နွှဲနိုင်ရေးအတွက် မိမိတို့နှစ်နိုင်ငံလုံးမှ တစ်နှစ်ပတ်လုံး စီစဉ်ဆောင်ရွက်သွားမည့် လှုပ်ရှားဆောင်ရွက်ချက်များကိုလည်း ကျေနပ်အားရဖွယ် တွေ့မြင်နေရပါသည်။ ဤသည်မှာ မိမိတို့နှစ်နိုင်ငံအကြား တည်ရှိဆဲ လွန်စွာကောင်းမွန်သည့် ဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေလိုသည့် တူညီသောဆန္ဒကို ထင်ဟပ်ဖော်ပြနေပါသည်။ ထိုင်းနိုင်ငံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုတို့ကို တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ခဲ့သည့် အဆွေတော်နှင့် မြန်မာနိုင်ငံမှ မိတ်ဆွေများအားလုံးတို့ကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ မိမိတို့ရရှိပြီး အောင်မြင်မှုများအပေါ် အခြေပြုလျက် မိမိတို့၏ ပြည်သူပြည်သားများအတွက် ငြိမ်းချမ်းရေးနှင့် သာယာဝပြောသည့် အနာဂတ်ကို ဝိုင်းဝန်းတည်ဆောက်နိုင်ရေးအတွက် အဆွေတော်နှင့် ပူးပေါင်း ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

(သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးဦးဉာဏ်ဝင်း ယူကရိန်းနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၈ခုနှစ် ဩဂုတ် ၂၄ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ယူကရိန်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးမစ္စတာဗိုလိုဒီမယ်အိုဂရစ်ဇ်ကို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## သာသနာဒီပ သဲအင်းဂူ ၁၀ရက် တရားစခန်း

ရန်ကုန် ဩဂုတ် ၂၃

ဒဂုံမြို့သစ်(မြောက်ပိုင်း)၁၆ရပ်ကွက် သာသနာဒီပ သဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် အထူးအဓိဋ္ဌာန် ၁၀ရက် တရားစခန်းကို ဩဂုတ်၃၁ရက်မှ စက်တင်ဘာ၉ရက် (တော်သလင်းလဆန်း၁ရက်မှ၁၀ရက်) အထိ မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တကုဝေရ (သာသနာဒီပ)၊ ဦးဝိရိယ (ဖဒိုင်း)နှင့် ဦးစိန္တာမယ (ဖဒိုင်း) တို့က ဟောကြားပြသမည်ဖြစ်ပြီး တရားအားထုတ်လိုသူများသည် ဩဂုတ်၃၀ရက် (ဝါခေါင်လကွယ်နေ့) ညနေ၅နာရီ အရောက်လာကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲလှူဒါန်းလိုသူများ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၇၀၉၈၉၁သို့ဖြစ်စေဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၀၂၅)

## ပင်လည်ဘူးမြို့နယ် စက်ရေတွင်းတူးဖော်

ပင်လည်ဘူး ဩဂုတ် ၂၃

ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသိန်းဖေမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၃)တို့သည် ဩဂုတ် ၅ရက်က သာစည်ကျေးရွာ စက်ရေတွင်းတူးဖော်ဆောင်ရွက်မှုကိုကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက်ကြောင်းနှင့် အဆိုပါ စက်ရေတွင်းသည် အလှူရှင် လှူဒါန်းငွေဖြင့် ဆောင်ရွက်ခဲ့ပြီး အနက် ပေ၂၃၀ရှိကာ ရေထွက်နှုန်း တစ်နာရီ ရေဂါလန် ၇၀၀ထွက်ရှိသဖြင့် ကျေးရွာနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ သုံးစွဲလျက်ရှိကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

## ကျောင်းကုန်းမြို့နယ်၌ မြို့သာယာလှပရေး ဆောင်ရွက်

ကျောင်းကုန်း ဩဂုတ် ၂၃

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် မြို့သာယာလှပရေးလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့ ကြီးကြပ်ဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

# လူ၏အရွယ်ပမာဏရှိသော ငါးမျိုးစိတ်

ပစိဖိတ်သမုဒ္ဒရာအရှေ့ပိုင်း ရေအောက်ကြမ်းပြင်တွင် လူတစ်ဦး၏အရွယ်ပမာဏခန့်ရှိသော ငါးမျိုးစိတ်သစ်တစ်မျိုး အမေရိကန်အဏ္ဏဝါဇီဝသုတေသနပညာရှင်များက ဩဂုတ် ၂၁ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

**အလေးချိန်**

အဆိုပါ ငါးသည် အရှည်ခြောက်ပေခန့်ရှိပြီး အလေးချိန်မှာ ပေါင် ၁၀၀၀ခန့်ရှိကြောင်း၊ ၎င်းမျိုးစိတ်သစ်ကို သုတေသနပြုခဲ့ရာ အတ္တလန္တိတ်သမုဒ္ဒရာရေပြင်၌လည်း နေထိုင်ကျက်စားတတ်သည့် ငါးမျိုးဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

**ကျက်စား**

ယင်းငါးမျိုးစိတ်သည် လွန်ခဲ့သော နှစ်ပေါင်း ၃ဒသမ၅သန်းခန့်ကတည်းက တည်ရှိခဲ့သည့် ငါးမျိုးစိတ်ဖြစ်ပြီး ကာရေဘီယံပင်လယ်၊ ပစိဖိတ်သမုဒ္ဒရာနှင့် ပနားမားကမ်းလွန်ရေပြင်တို့၌ အသက်ရှင်ကျက်စားခဲ့သည့် ငါးမျိုးစိတ်မျိုးဖြစ်သည်။

ယခုအခါ ပစိဖိတ်သမုဒ္ဒရာ၌ အဆိုပါငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်လုမတတ် ရှိနေပြီဖြစ်ရာ အမေရိကန်အဏ္ဏဝါဇီဝပညာရှင်များအနေဖြင့် နည်းလမ်းများ ရှာဖွေလျက်ရှိသည်။

**ဇီဝသိပ္ပံ**

# ငယ်စဉ်က ရုပ်မြင်သံကြားနှင့် ဂိမ်းကစားမှုအလွန်အကျွံပြုလုပ်ခဲ့လျှင် အသက်အရွယ်ရလာချိန်တွင် မှတ်ဉာဏ်ချို့ယွင်းမှု ဖြစ်ပေါ်နိုင်ဟုဆို

**အင်တာနက်ကျန်းမာရေး**

ကလေးငယ်များအား ရုပ်မြင်သံကြားကြည့်ရှုခြင်းနှင့် တီဗွီဂိမ်းကစားခြင်းများကို အချိန်အကန့်အသတ်ဖြင့်သာ ခွင့်ပြုသင့်ကြောင်း အမေရိကန် သုတေသနပညာရှင်များက သတိပေးလိုက်သည်။

**ပြောကြား**

ငယ်ရွယ်သော ကလေးငယ်များအား ရုပ်မြင်သံကြား ကြည့်ရှုခြင်းနှင့် တီဗွီဂိမ်းကစားခြင်းတို့ကို နေ့စဉ်တစ်နေ့လျှင် နှစ်နာရီကျော်မျှ အချိန်ကုန်ဆုံးစေမှုကို ခွင့်မပြုသင့်ကြောင်း ၎င်းတို့က ပြောကြားသည်။

**မှတ်ဉာဏ်ချို့ယွင်း**

ကလေးငယ်များအား ရုပ်မြင်သံကြားကြည့်ရှုခွင့်နှင့် တီဗွီဂိမ်းကစားခြင်းများသည် တစ်နေ့လျှင် တစ်နာရီအများဆုံးသာ ခွင့်ပြုသင့်ကြောင်း၊ ငယ်ရွယ်စဉ်က ရုပ်မြင်သံကြားထုတ်လွှင့်မှု အချိန်အတန်ကြာ ကြည့်ခဲ့သည့်သူများအနေဖြင့် အသက်အရွယ်ကြီးရင့်လာသည့်အခါ မှတ်ဉာဏ်ချို့ယွင်းမှုရောဂါများ ရရှိတတ်ကြောင်း သိရသည်။

**လေ့လာတွေ့ရှိ**

အသက်ငါးနှစ်မှ ၁၀နှစ်အရွယ် ကလေးငယ်များကို လေ့လာကြည့်ရာတွင် အဝလွန်သောကလေးငယ်အများစုမှာ ငယ်စဉ်က ရုပ်မြင်သံကြား အချိန်နာရီများစွာ ကြည့်ရှုခဲ့သူများပါဝင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

## သူတို့အတွေးနှင့်အမြင်

* ***A good face is the best letter of recommendation.***

မျက်နှာမြင်ချစ်ခင်ပါစေဆိုသည့် မျက်နှာမျိုးသည် တစ်ဖက်သား၏ ချစ်ခင်ယုံကြည်မှုကိုရရှိနိုင်သည့် အကောင်းဆုံး ထောက်ခံစာပင်ဖြစ်သည်။ **အယ်လီဇဘက်-၁ (အင်္ဂလန်ဘုရင်မ)**

* ***Wives are young men's mistresses; companion for middle age; and old men's nurses.***

ဇနီးများသည် လူငယ်လူရွယ်များ၏ မယားများဖြစ်ကြ၍ လူလတ်ပိုင်းများအတွက် အဖော်ဖြစ်ကာ အသက်အရွယ် အိုမင်းသူများ၏ သူနာပြုများပင်ဖြစ်သည်။

**ဖရန်စစ်ဘေကွန်**
**(အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင်၊ စာရေးဆရာနှင့် နိုင်ငံရေးသမား)**

## ဘဝအမောပြေ

### ဘာမှမဟုတ်ပါဘူး • • •

**အင်ဂျင်နီယာကျောင်းသားသုံးဦးသည် ကမ်းခြေတစ်နေရာ၌ ထိုင်နေစဉ် အနီး၌ ရွှံ့ဖြင့်ပြုလုပ်ထားသော လူရုပ်တုလေးတစ်ခုကိုတွေ့ပြီး သူတို့၏ထင်မြင်ချက်များကို ပြောကြားလျက်ရှိသည်။**

**ပထမကျောင်းသား** ။ ။ ဒီရွှံ့ရုပ်တုဟာ စက်မှုအင်ဂျင်နီယာပညာရှင်တစ်ဦး ဖြစ်နိုင်တယ်။ စက်မှုကိရိယာတွေ လက်မှာကိုင်ထားတာတွေ့တယ်။

**ဒုတိယကျောင်းသား** ။ ။ မဖြစ်နိုင်ဘူး… ဒီရုပ်တုလေးက လျှပ်စစ်အင်ဂျင်နီယာတစ်ဦး ဖြစ်နိုင်တယ်။ သူ့ခါးကြားမှာ လျှပ်စစ်ဝန်ထမ်းတွေ အသုံးပြုနေတဲ့ ကိရိယာတွေပါတယ်။

**တတိယကျောင်းသား** ။ ။ ဒါလည်းမဖြစ်နိုင်ဘူး… သူဟာ မြို့ပြအင်ဂျင်နီယာတစ်ဦးဖြစ်ရမယ်၊ အခု မြစ်ကမ်းအနီးမှာ တွေ့ရတာမို့ ဆည်တမံတွေတည်ဆောက်ဖို့ လေ့လာနေတဲ့ အင်ဂျင်နီယာတစ်ဦးဖြစ်နိုင်တယ်။

**ထိုသို့ စကားအနိုင်လု ပြောကြားနေစဉ် ကလေးငယ်တစ်ဦး ရောက်လာလေသည်။**

**ကလေးငယ်** ။ ။ သားသားဆော့ဖို့လုပ်ထားတဲ့ အရုပ်ပါဗျ၊ ဘာတွေပြောနေကြတာလဲ။

**ကျောင်းသားများ** ။ ။ "ဟေ"

## နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

**တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း**

# နီကာရာဂွာ၌ ကိုကင်း၁ဒသမ၇တန် ဖမ်းမိ

**မနာဂွာ ဩဂုတ် ၂၃**

နီကာရာဂွာနိုင်ငံမြောက်ပိုင်း မာဆာရာမြို့တွင် ဩဂုတ် ၂၂ ရက်က ကိုကင်း ၁ဒသမ၇တန်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ဖမ်းမိ**

မာဆာရာမြို့တောင်ဘက်၌ ရဲတပ်ဖွဲ့ ပုံမှန်စစ်ဆေးရေးပြုလုပ်စဉ် ထရပ်ကားနှစ်စီးအတွင်း ငှက်ပျောသီး၊ ငှက်ပျောရွက်များနှင့် ဖုံးအုပ်ကာ ကိုကင်းအထုပ် ၃၀ကို ဖွက်၍ယူဆောင်လာစဉ် ဖမ်းမိခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ (အင်တာနက်)

**ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ဩဂုတ်၂၂ရက်က ဝန်ချီစက် တစ်ခုပေါ်တွင်ညစာစားပွဲကျင်းပနေသည်ကို တွေ့ရစဉ်။** အင်တာနက်ဓာတ်ပုံ

# မြေထဲပင်လယ်တွင် အခရာကျသည့် တူနီးရှားနိုင်ငံ

**သတင်းအက်ဆေး**

*တူနီးရှားနိုင်ငံသည် အာဖရိကတိုက်မြောက်ပိုင်း ကမ်းရိုးတန်းဒေသတွင် တည်ရှိသည်။ ဤနိုင်ငံသည် ရှေးခေတ် ကာသေ့မြို့တော်၏ ဇာတိရှင်သန်ရာဖြစ်သည့်ပြင် အရေးပါသော ရေကြောင်းလမ်းများအနီးရှိ မြောက်အာဖရိကမုဒ္ဒါနဖြစ်ပြီး မြေထဲပင်လယ်တွင် အခရာကျသည့်နိုင်ငံဖြစ်သည်။*

**အသုံးပြု**

*မဟာဗျူဟာ အရေးပါကြောင်းကို သိရှိသည့် ရောမ၊ အာရပ်၊ အော်တိုမန်တူရကီများနှင့် ပြင်သစ်တို့က သူတို့ခေတ်၊ သူတို့လက်ထက်တွင် ဒေသထိန်းချုပ်ရေး မရှိမဖြစ် အသုံးပြုခဲ့သည်။*

**အင်အားကြီး**

*ခရစ်မပေါ်မီ ၁၁၀၀ခန့်က ဖိုနီးရှန်းတို့က မြောက်အာဖရိက ကမ်းခြေတွင် အခြေချသည်။ လက်ရှိတူးနစ်မြို့အနီးရှိ ကာသေ့မြို့မှာ ရေတပ်အင်အားကြီးနိုင်ငံဖြစ်လာသည်။ ဘီစီ ၁၄၆ တွင် ကာသေ့မြို့ ရောမတို့လက်တွင်း ကျရောက်သွားသည်။*

**နိုင်ငံရေးအကြမ်းဖက်မှုမှာ ဤနိုင်ငံတွင် ကြုံတောင့်ကြုံခဲဖြစ်စဉ်ဖြစ်။ နှစ်စဉ်နှစ်တိုင်း သန်းပေါင်းများစွာသော ဥရောပ ကမ္ဘာလှည့်ခရီးသည်များ ဤနိုင်ငံသို့ ရောက်ရှိလာကြ။**

*ခရစ်သက္ကရာဇ် ၄၃၉ခုနှစ်တွင် ရောမအဆောက်အအုံများနှင့် အနုပညာလက်ရာများ ဖျက်ဆီးခံရသည်။ ၁၈၈၁ခုနှစ်တွင် တူးနစ်ကို ပြင်သစ်တပ်များ သိမ်းသည်။ စီးပွားရေးနှင့် နိုင်ငံခြားရေးရာကို ပြင်သစ်က ထိန်းချုပ်သည်။ ၁၈၈၃ ခုနှစ်တွင် ပြင်သစ်လက်အောက်ခံဖြစ်သွားသည်။*

**အနိုင်ရ**

*၁၉၅၆ ခုနှစ်တွင် တူနီးရှားလွတ်လပ်ရေးရသည်။ ဘူဂီဘာ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၈၁ ခုနှစ် လွတ်လပ်ရေးရပြီး ပထမဆုံး ပါတီစုံရွေးကောက်ပွဲတွင် သမ္မတဘူဂီဘာ၏ ပါတီ အနိုင်ရသည်။*

**ပြန်လည်အရွေးခံရ**

*၁၉၅၇ခုနှစ်တွင် ဘုရင်စနစ်ဖျက်သိမ်းပြီး သမ္မတနိုင်ငံထူထောင်သည်။ ၁၉၈၃ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ကင်အလီအရွေးခံရသည်။ ၁၉၉၄ခုနှစ်၊ ၁၉၉၉ခုနှစ်တို့တွင် ပြန်လည်ရွေးချယ် တင်မြှောက်ခံရသည်။ ၂၀၀၂ခုနှစ် မေလတွင် သမ္မတအဖြစ် စတုတ္ထအကြိမ် ပြန်လည်အရွေးခံရရေး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတွင်အနိုင်ရပြီး ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် သမ္မတအဖြစ် ပြန်လည်အရွေးခံရသည်။*

**ပြဋ္ဌာန်း**

*ဤနိုင်ငံသည် ပြင်သစ်ကိုလိုနီနိုင်ငံအဖြစ်မှ ၁၉၅၆ခုနှစ်တွင် အဆုံးသတ်သွားသည်။ ခေတ်မီသောအယူအဆရှိသည့် မစ္စတာဘူဂီဘာက နှစ်ပေါင်း ၃၀ကြာ အုပ်ချုပ်ခဲ့သည်။ သူ့လက်ထက်တွင် အမျိုးသမီးအခွင့်အရေးပေးမှု၊ မယားပြိုင်ထားမှု ဖျက်သိမ်းခြင်းနှင့် မသင်မနေရ အခမဲ့ပညာရေးတို့ကို ပြဋ္ဌာန်းသည်။*

*ဤနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများထက် ပိုမိုချမ်းသာပြီး ဥရောပတိုက်နှင့်လည်း ကုန်သွယ်ရေးဆက်ဆံမှု အခိုင်အမာ ထူထောင်သည်။*

**တိုက်ပွဲဖြစ်ပွား**

*နိုင်ငံရေးအကြမ်းဖက်မှုမှာ ဤနိုင်ငံတွင် ကြုံတောင့်ကြုံခဲဖြစ်စဉ်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း သန်းပေါင်းများစွာသော ဥရောပကမ္ဘာလှည့်ခရီးသည်များ ဤနိုင်ငံသို့ ရောက်ရှိလာကြသည်။ သို့သော် ၂၀၀၇ခုနှစ် ဇန်နဝါရီလအတွင်းက တူးနစ်မြို့၌ စစ်သွေးကြွများနှင့် အစိုးရလုံခြုံရေးတပ်များ တိုက်ပွဲဖြစ်ပွားပြီး ၁၂ဦး သေဆုံးသွားသည်။ ထိုစစ်သွေးကြွများသည် အယ်လ်ဂျီးရီးယားနိုင်ငံမှ လာရောက်ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးက ကြေညာသည်။ ။*

*ကိုးကား-အင်တာနက်* **တိုး-ရေးသားသည်**

# ပြည်သူများက တည်ဆဲအစိုးရအပေါ် နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးနေသည့်အစိုးရ၊ ဒီမိုကရေစီစနစ်ကိုအကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးနေသည့် အစိုးရအဖြစ် ယုံကြည်ထောက်ခံလျက်ရှိ

## ပြည်သူအများစုက တည်ဆဲအစိုးရရဲ့ ဦးဆောင်မှုအောက်မှာ တညီတညွတ်တည်း ကြိုးပမ်းချီတက်နေ

နေပြည်တော် ဩဂုတ် ၂၃

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari တို့သည် ဩဂုတ် ၂၃ရက် နံနက် ၉နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ ဒုတိယအကြိမ် တွေ့ဆုံကြသည်။**

### တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တက်ရောက်ကြသည်။

### ဆွေးနွေး

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှေးဦးစွာ ရှင်းလင်းဆွေးနွေးသည်။

ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

## ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်

အဆွေတော်နှင့် အဖွဲ့ဝင်များကို လှိုက်လှဲစွာကြိုဆိုပါတယ်။ အဆွေတော်ရဲ့ ဒီတစ်ခေါက် ခရီးစဉ်အတွင်းမှာ ယခုလို ထပ်မံတွေ့ဆုံဆွေးနွေးခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ အဆွေတော်အနေနဲ့ ၁၈-၈-၂၀၀၈ ရက်နေ့ မြန်မာနိုင်ငံကို ရောက်တဲ့အချိန်ကစပြီး ယနေ့အချိန်ထိ အားချိန်မရှိ နားချိန်မရှိဘဲ ကျွန်တော်တို့နိုင်ငံရဲ့ အကျိုးအတွက် စေတနာ အပြည့်ထားပြီး ကြိုးပမ်းဆောင်ရွက်နေတာတွေကို တွေ့ရတဲ့အတွက်လည်း အထူးပဲ ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ စေတနာကို တုံ့ပြန်တဲ့အနေနဲ့ ကျွန်တော်တို့ဘက်ကလည်း အစွမ်းကုန် ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ထပ်လောင်း ပြောကြားလိုပါတယ်။

### ယုံကြည်

ယခုလာရောက်တဲ့ ခရီးစဉ်ဟာ အဆွေတော်အနေနဲ့ ခြောက်ကြိမ်မြောက် လာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ အဆွေတော်အနေနဲ့ ကျွန်တော်တို့နိုင်ငံကို အကြိမ်ကြိမ်လာရောက်ပြီး လေ့လာထိတွေ့ ဆွေးနွေးအမြင်ဖလှယ်ခွင့်များ ရရှိခဲ့ပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေအရပ်ရပ်ကို အတော်လေး ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ထားပြီးဖြစ်တယ်လို့ ယုံကြည်မိပါတယ်။

ယခုအခေါက်ခရီးစဉ်မှာလည်း အဆွေတော်အနေနဲ့ ကျွန်တော်တို့အဖွဲ့အပြင် နိုင်ငံတော် အစိုးရပိုင်းမှ အခြားတာဝန်ရှိ ဝန်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ တရားဝင်နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အခြားသောနိုင်ငံရေးဆိုင်ရာ ပုဂ္ဂိုလ်အဖွဲ့အစည်းများ စသည်ဖြင့် နယ်ပယ်ကဏ္ဍစုံလင်အောင် တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် နာဂစ်မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် ကျွန်တော်တို့နိုင်ငံရဲ့ကယ်ဆယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင် တည်ဆောက်ရေး၊ ကျန်းမာရေးဆောင်ရွက်မှုစတဲ့ အခြေအနေအရပ်ရပ်ကိုလည်း သိရှိလေ့လာခွင့် ရခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် အဆွေတော်အနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အခြေအနေများနဲ့ ပြည်သူအများရဲ့ သဘောထားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်လောက်ပြီဟု ယူဆပါတယ်။

**အဆွေတော်ကို ဒေါ်အောင်ဆန်းစုကြည်က လက်ခံတွေ့ဆုံရန် ငြင်းပယ်ခဲ့တဲ့ ကိစ္စအပေါ်မှာ ကျွန်တော်တို့အနေနဲ့ များစွာ စိတ်မကောင်းဖြစ်မိပါတယ်။ ကျွန်တော်တို့ဘက်ကတော့ အဆွေတော်ကို ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်ရနိုင်အောင် အစွမ်းကုန်စီစဉ် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆွေတော်ကလည်း တွေ့ဆုံဖို့ဆန္ဒရှိသလို တွေ့နိုင်အောင်လည်း ကြိုးစားခဲ့တယ်ဆိုတာ ကျွန်တော်တို့နားလည်ပါကြောင်း ပြောကြားလိုပါတယ်။**

ကျွန်တော်တို့အနေနဲ့ ယနေ့ပြည်သူလူထုရဲ့ အဓိကလိုလားချက်ဆန္ဒ(၃)ရပ် ရှိတယ်ဆိုတာကို ယခင့်ယခင် ခရီးစဉ်များအတွင်းကလည်း ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ အကျဉ်းချုပ်ပြီး ထပ်မံတင်ပြရမယ်ဆိုရင် ပြည်သူလူထုအနေနဲ့ (၁)တည်ငြိမ်အေးချမ်းမှုကို လိုလားပါတယ်။ မတည်ငြိမ်တဲ့ ပတ်ဝန်းကျင်မျိုး၊ တည်ငြိမ်မှုကို ဖျက်ဆီးမည့် ဆူပူအကြမ်းဖက်မှုမျိုးကို လုံးဝမလိုချင်ပါဘူး၊ (၂) နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လိုလားသလို မိမိတို့တစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း လိုချင်ကြပါတယ်။ အဲဒါကို အဟန့်အတားဖြစ်စေမယ့် ဘယ်လိုကိစ္စရပ်မျိုးကိုမှ လက်မခံနိုင်ပါဘူး၊ (၃) ဥပဒေနဲ့အညီ လွတ်လပ်စွာ လုပ်ကိုင်နေထိုင်စားသောက်လိုကြပြီး သူတို့ရည်မှန်းတဲ့ ဒီမိုကရေစီပန်းတိုင်ကို မြန်မြန်ရောက်ချင်ကြတဲ့ ဆန္ဒကိုယ်စီရှိကြပါတယ်။ ဒါဟာ ယနေ့မြန်မာပြည်သူအများရဲ့ သဘောထားဆန္ဒအမှန်ဖြစ်ပါတယ်။

### ဆင်းရဲနိမ့်ကျ

ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံများအရ ၁၉၄၈ခုနှစ်ကနေ ၁၉၆၂ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီခေတ်အတွင်းမှာ နိုင်ငံတည်ငြိမ်အေးချမ်းမှု မရရှိခဲ့သလို စီးပွားရေး၊ လူမှုရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ဘာမှထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းမရှိခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ပြည်သူအများစုကြီးဟာ စီးပွားရေးအရ ဆင်းရဲနိမ့်ကျခဲ့ရတဲ့အပြင် ပြည်တွင်းသောင်းကျန်းမှုမီးလျှံတွေကြားမှာ ကြီးလန့်စာစားဘဝနဲ့ ဖြတ်သန်းရင်ဆိုင်ခဲ့ကြရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူတွေဟာ နိုင်ငံနဲ့ပြည်သူရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘာမှ ဆောင်ကြဉ်းမပေးနိုင်တဲ့ အဲဒီခေတ် အခြေအနေဆိုးကိုလည်း မလွဲမရှောင်သာ ကြုံခဲ့ကြရပြီးပြီလို့ ဆိုနိုင်ပါတယ်။

နောက်တစ်ခါ ၁၉၆၂ခုနှစ်ကနေ ၁၉၈၈ခုနှစ်အထိ လမ်းစဉ်ပါတီခေတ်မှာလည်း နိုင်ငံရေးတည်ငြိမ်မှု အထိုက်အလျောက်ရှိခဲ့တယ်ဆိုပေမယ့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးတိုးတက်မှုမရှိခဲ့ဘဲ ဆုတ်ယုတ်မှုတွေနဲ့သာ ရင်ဆိုင်ခဲ့ရပြန်ပါတယ်။ ပြည်သူလူထုဟာ ဆန်အခက်အခဲ၊ ဆီအခက်အခဲ၊ ဝင်ငွေထွက်ငွေ မမျှတ မလောက်ငတဲ့ အခက်အခဲ စသည်ဖြင့် ဒုက္ခပေါင်းစုံကို ခါးစည်းခံခဲ့ကြပါတယ်။ တစ်ဖက်ကလည်း ပြည်တွင်းသောင်းကျန်းမှု အမြစ်မပြတ်နိုင်ခဲ့တဲ့အတွက် တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုဆိုတာ စိတ်ကူးနဲ့တောင် မျှော်လင့်လို့မရနိုင်တဲ့အခြေအနေမျိုး ဖြစ်ခဲ့ပါတယ်။

### အပြည့်အဝလက်ခံ

သို့သော် ၁၉၈၈နောက်ပိုင်း ယနေ့ခေတ်ကာလမှာတော့ နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ပေးနိုင်ခဲ့သလို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်ဖြင့် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပုံဖော်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ယနေ့ပြည်သူဟာ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အသီးအပွင့်တွေကို ကိုယ်တိုင်ရရှိခံစားခွင့် ရလာခဲ့ကြပါတယ်။ နိုင်ငံအေးချမ်း တည်ငြိမ်တာနဲ့အမျှ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်တာနဲ့အမျှ မိမိတို့ကိုယ်စီ အကျိုးစီးပွားပါဖြစ်ထွန်း မြင့်မားတိုးတက်လာတာကို နှစ်ခြိုက်သဘောကျကြပြီး တည်ဆဲအစိုးရရဲ့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြမှုများအပေါ်မှာ ထောက်ခံယုံကြည် အားကိုးလာကြတာ အမှန်ပါပဲ။ ဘာပဲဖြစ်ဖြစ် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်မလုပ်နိုင်ခဲ့တဲ့ အဘက်ဘက်က တိုးတက်အောင်မြင်ဖြစ်ထွန်းမှုတွေကို လက်ရှိအစိုးရက အောင်မြင်အောင် စွမ်းဆောင် အကောင်အထည်ဖော်ပေးနိုင်ခဲ့တာကို ပြည်သူက အပြည့်အဝလက်ခံ အသိအမှတ်ပြုခဲ့တာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဒါကြောင့် ယနေ့ပြည်သူက တည်ဆဲအစိုးရအပေါ် ခြောက်ပစ်ကင်းသဲလည်းစင်အဖြစ် မခံယူပေမယ့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ဆောင်ကြဉ်းပေးနိုင်တဲ့အစိုးရ၊ နိုင်ငံနဲ့ လူမျိုးဖွံ့ဖြိုးတိုးတက်အောင် တတ်နိုင်သမျှ စွမ်းဆောင်ပေးနေတဲ့အစိုးရ၊ ပြည်သူလိုလားတဲ့ ဒီမိုကရေစီစနစ်ကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ပေးနေတဲ့အစိုးရအဖြစ် တကယ်ကို ယုံကြည်ထောက်ခံလျက်ရှိကြပါတယ်။ ပြည်သူအများစုက တည်ဆဲအစိုးရရဲ့ ဦးဆောင်မှုအောက်မှာ တညီတညွတ်တည်း ကြိုးပမ်းချီတက်နေကြပါတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူရဲ့ ပကတိအခြေအနေအမှန်ပါပဲ။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရက ဦးဆောင်ကျင်းပတဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ဆန္ဒမဲပေးသူ ၉၂ ဒသမ ၄၈ရာခိုင်နှုန်းရဲ့ထောက်ခံမဲနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။**

### ကြိုးပမ်းဆောင်ရွက်

ပြီးခဲ့တဲ့ နာဂစ်ကိစ္စမှာလည်း သဘာဝဘေးဒဏ်မို့လို့ ရှောင်လွှဲလို့မရနိုင်တဲ့ အကြောင်းကြောင့် ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့တာမှန်ပေမယ့် နိုင်ငံတော်အပိုင်းက အရေးပေါ်ကယ်ဆယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်တည်ဆောက်ရေးနဲ့ ရေရှည်သဘာဝဘေးကာကွယ်ရေး အစီအမံများထိပါ နိုင်နိုင်နင်းနင်း ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးနိုင်တာကို အဆွေတော်လည်း အသိပဲဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီရဲ့ အနီးကပ်ကြီးကြပ်မှုအောက်မှာ လုပ်ငန်းများ သွက်လက်မြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် ပြည်တွင်းမှစေတနာရှင်၊ ရဟန်းရှင်လူပြည်သူတွေ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်း ကုမ္ပဏီကြီးတွေ၊ ပြည်ပ နိုင်ငံတကာ အလှူရှင်တွေရဲ့ ပူးပေါင်းကူညီလှူဒါန်းမှုတွေနဲ့ စားစရာ၊ ဝတ်စရာ၊ နေစရာ အစစ အဆင်ပြေအောင် ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။ ပျက်စီးဆုံးရှုံးမှု ပမာဏ ကြီးမားတာ မှန်ပေမယ့် 'မြေအုတ်တို့ ပြိုလဲရာမှာ ကျောက်အုတ်တို့ဖြင့် အစားထိုး တည်ဆောက်နိုင်ရမည်' ဆိုတဲ့ ရည်မှန်းချက်မျိုးထားပြီး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါတယ်။

အရေးပေါ် ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ အထိုက်အလျောက် ဆောင်ရွက်ပေးနိုင်ပြီးတဲ့ အခြေအနေမှာ တစ်ဖက်ကလည်း ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကယ်ဆယ်ရေးစခန်းတွေမှာရှိတဲ့ လေဘေးသင့်ပြည်သူများအနေနဲ့ ကိုယ့်နေရင်း ဒေသရပ်ရွာကို ပြန်ပြီးအခြေချ နေထိုင်နိုင်ဖို့အတွက် အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သလို မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်လုပ်ကိုင်နိုင်ဖို့အတွက်လည်း ပံ့ပိုးကူညီပေးခဲ့ပါတယ်။ လယ်ယာလုပ်ကိုင်သူများအတွက် လယ်ထွန်စက်၊ လက်တွန်းထွန်စက်၊ ကျွဲ/နွား၊ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးစရိတ်ချေးငွေ စသည်ဖြင့် စီစဉ်ပေးခဲ့သလို ရေလုပ်ငန်း လုပ်ကိုင်သူများအတွက်လည်း ငါးဖမ်းလှေ၊ အင်ဂျင်စက်၊ ငါးဖမ်းပိုက်နဲ့ ဆက်စပ်ပစ္စည်းများအထိ လိုလေသေးမရှိ စီစဉ်ပေးခဲ့ပါတယ်။ အလားတူ ဆားလုပ်ငန်းသမားများအတွက်လည်း ရေငန်တားတမံတွေ ပြုပြင်ဆယ်ဖို့ပေးနေတဲ့အပြင် ဆားကွင်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆားရာသီအမီ ပံ့ပိုးကူညီပေးသွားမှာ ဖြစ်ပါတယ်။

### လမ်းမကြီး၊ ငါးခုစီမံကိန်း

လေဘေးသင့် ပြည်သူများအနေနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန် မဆောင်ရွက်နိုင်သည့် ကာလအတွင်း စားဝတ်နေရေး အခက်အခဲ မဖြစ်စေရေး အတွက် နိုင်ငံတော်က တာဝန်ယူပြီး ပမာဏကြီးမားစွာ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ပြည်တွင်း ပြည်ပ အလှူရှင်များအနေနဲ့ လှူဒါန်းမှုတွေ အဆက်မပြတ် ဆောင်ရွက်နေပေမယ့် ဒီလောက် ပမာဏကြီးမားတဲ့ အင်အားအတွက် နေ့စဉ်စားသုံးမှု ဘယ်လိုမှ မလုံလောက်နိုင်တဲ့အတွက် နိုင်ငံတော် အရန်ဆန်မှ စိုက်ထုတ်ပြီး လေဘေးသင့် ပြည်သူတွေ လောက်ငဖူလုံမှုရှိအောင် ဝေငှကျွေးမွေးလျက်ရှိပါတယ်။ ရေရှည်မှာ သဘာဝဘေးမှ ကာကွယ်နိုင်ရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိရာမှာ အဓိက ကွန်ရက်လမ်းမကြီး ငါးခုစီမံကိန်းကို စတင်ဖောက်လုပ်နေပြီဖြစ်သလို ကျေးရွာများအလိုက် Cyclone Shelter များ ဆောက်လုပ်ခြင်း၊ ရေငန်တားတမံများဆောင်ရွက်ခြင်း၊ မုန်တိုင်းဒီရေဘေးမှ ခိုလှုံနိုင်မည့် ကုန်းကြောကုန်းမြင့်များ တည်ဆောက်ခြင်း၊ ဒီရေတောများ ထိန်းသိမ်းခြင်း စသည်များကိုလည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် နာဂစ်ကိစ္စမှာ ကျွန်တော်တို့အနေနဲ့ ကုလသမဂ္ဂ၊ အာဆီယံတို့နှင့် ပူးပေါင်းပြီး သုံးပွင့်ဆိုင် လုပ်ငန်းဆောင်ရွက်မှုများမှာ ထိရောက် အောင်မြင်မှုရှိခဲ့ပါတယ်။ နိုင်ငံတကာ အကူအညီပေးရေး အဖွဲ့များ၊ ဆေးကာကွယ်ကုသမှုအဖွဲ့များနှင့် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ **ဒီလို နာဂစ်ကိစ္စ အဘက်ဘက်က နိုင်နင်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဟာ အစိုးရရဲ့ဦးဆောင်မှုအောက်မှာ တစ်နိုင်ငံလုံးက ပြည်သူအားလုံးရဲ့ ယုံကြည်အားပေးမှုနဲ့ အလေးထား ပူးပေါင်းဆောင်ရွက်မှုတွေကြောင့်သာ ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ တစ်ဖက်ကလည်း အဲဒီလို အစိုးရက အားသွန်ခွန်စိုက်နဲ့ ရှိသမျှစွမ်းအားကုန်ထုတ်ပြီး ပြည်သူ့အကျိုးကို ဆောင်ရွက်ပေးခဲ့တဲ့အတွက် ပြည်သူကတစ်ဖန်ပြန်ပြီး တုံ့ပြန်နားလည်မှုရှိစွာ ထောက်ခံပူးပေါင်း ပါဝင်လာခဲ့ခြင်းပဲ ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။** ဒါကိုလည်း အဆွေတော်အနေနဲ့ သိမြင်နားလည်နိုင်အောင် အကျဉ်းမျှ ရှင်းပြရခြင်း ဖြစ်ပါတယ်။

### တိုးမြှင့်ဆောင်ရွက်

ဆက်လက်ပြီး အဆွေတော်နှင့် ကျွန်တော်တို့အဖွဲ့ (၁၉-၈-၂၀၀၈)ရက်နေ့ တွေ့ဆုံစဉ်က အဆွေတော်ရဲ့ အဆိုပြုတင်ပြချက်များနှင့် ပတ်သက်ပြီး အနည်းငယ် ပြောကြားလိုပါတယ်။ အဆွေတော်အနေနဲ့ မြန်မာအစိုးရနဲ့ အထွေထွေအတွင်းရေးမှူးချုပ်ရုံးတို့အကြား ပုံမှန်ဆက်ဆံရေးလမ်းကြောင်း ထူထောင်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် အဆွေတော်ရဲ့ ဝန်ထမ်းတစ်ဦး ထားရှိခွင့်ပြုရန် မေတ္တာရပ်ခံခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဲဒီကိစ္စမှာ မြန်မာနိုင်ငံမှာ အခြေစိုက်တဲ့ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းအားလုံးက အဆွေတော်ရဲ့ အကျိုးဆောင်မှုလုပ်ငန်းများ အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးနေတဲ့အတွက် လုပ်ငန်းကိစ္စများ ချောမွေ့နေတယ်လို့ ယုံကြည်မိကြောင်း ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ သို့သော် အဆွေတော်ရဲ့ ထပ်မံအဆိုပြု တင်ပြချက်အပေါ် အလေးအနက်ထားခြင်းအားဖြင့်လည်းကောင်း၊ ကုလသမဂ္ဂနှင့် ကျွန်တော်တို့ နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လိုကြောင်း သဘောထားကို ဖော်ပြသည့်အနေဖြင့်လည်းကောင်း တတ်နိုင်သမျှ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အဆွေတော်အနေနဲ့ မြန်မာနိုင်ငံ Socio-Economic Issues များနှင့် စပ်လျဉ်း၍ ကူညီခွင့်ပြုရေး အဆိုပြုချက်ကို မှတ်သားထားပြီး ကျွန်တော်တို့ လေ့လာနေပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနက နှစ်ဖက်သဘောတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များ ရှာဖွေရေးနဲ့ စပ်လျဉ်းပြီး အဆွေတော်ထံ ပြန်လည်ဆွေးနွေးပါလိမ့်မယ်။

### အောင်မြင်တိုးတက်

နိဂုံးချုပ်အနေနဲ့ အဆွေတော်နဲ့ ကျွန်တော်တို့အဖွဲ့ရဲ့ ပွင့်လင်းရင်းနှီးစွာ ရှင်းလင်းဆွေးနွေးမှုများမှတစ်ဆင့် နှစ်ဦးနှစ်ဖက်စလုံးရဲ့ ဘုံလိုလားချက်ဖြစ်တဲ့ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုအတွက် အောင်မြင်တဲ့ ရလဒ်ကောင်းများ ရရှိနိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။ တစ်ဆက်တည်း အဆွေတော်ရဲ့ အပြန်ခရီးစဉ်မှာလည်း သွားလမ်းသာလို့ ပြန်လမ်းဖြောင့်ပါစေဆိုတဲ့ မြန်မာမှုထုံးစံ ဆုတောင်းစကားနဲ့အညီ အစစအဆင်ပြေ ချောမွေ့ပါစေကြောင်း မြန်မာပြည်သူအားလုံးက ဆန္ဒပြုလိုက်ပါတယ်။ ဒါ့အပြင် အဆွေတော်တို့ ဌာနေကို ပြန်ရောက်တဲ့အခါမှာလည်း ယခုတစ်ခေါက် ခရီးစဉ်နှင့် ပတ်သက်လို့ အပြုသဘောဆောင်တဲ့ အောင်မြင်တိုးတက်ဖြစ်ထွန်းမှုများ ကြားနာခွင့်ရဖို့ မျှော်လင့်လျက်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## Mr.Gambari ၏ ပြန်လည်ရှင်းလင်းပြောကြားချက်

၄င်းနောက် Mr.Gambari က ပြန်လည်ရှင်းလင်းပြောကြားရာတွင် မြန်မာအစိုးရအနေဖြင့် မိမိ၏ ယခုခရီးစဉ်အတွင်း လိုလေသေးမရှိ ဧည့်ဝတ်ကျေပွန်မှု၊ အလေးထား ပူးပေါင်းဆောင်ရွက်မှုများအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့်လည်းကောင်း၊ ကုလသမဂ္ဂနှင့်လည်းကောင်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဟု ထပ်မံအတည်ပြု ပြောကြားသည့်အတွက် ဝမ်းသာပါကြောင်း၊ မြန်မာအစိုးရနှင့် မိမိပူးပေါင်းဆောင်ရွက်ခြင်းသည် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ပူးပေါင်းဆက်ဆံဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူနိုင်ပါကြောင်း၊ မိမိနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ မိတ်ဆွေနိုင်ငံများအပေါ် မြန်မာနိုင်ငံ၏ သဘောထားများကို ထင်ဟပ်ပြသရာလည်း ရောက်ပါကြောင်း၊ ထို့ကြောင့် မိမိ၏ ခရီးစဉ်တိုင်း၌ သိသာထင်ရှားသည့်ရလဒ်များ ပေါ်ထွက်လာအောင် တိုက်တွန်းနေရခြင်းဖြစ်ကြောင်း၊ အဆိုပါရလဒ်များရရှိခြင်းအားဖြင့် မြန်မာနိုင်ငံအနေနှင့် အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ အခန်းကဏ္ဍကို အလေးထားကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုရလဒ်များ တိုးတက်မှုရှိသည်ကို ပြသရာရောက်မှာဖြစ်ကြောင်း၊

**စာမျက်နှာ ၇ ကော်လံ ၁**

* ကျောဖုံးမှ

Mr.Gambari နှင့်အဖွဲ့သည် ဩဂုတ် ၁၉ရက် နံနက်ပိုင်း၌ ရန်ကုန်တိုင်း လှေဘေးသင့် ကွမ်းခြံကုန်းမြို့နယ်အတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လိုက်လံကြည့်ရှုလေ့လာခဲ့သည်။ ယင်းနောက်မွန်းလွဲပိုင်း၌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် တွေ့ဆုံခဲ့သည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ်Mr.Gambari သည် ဩဂုတ် ၂၀ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေး ရယူထားသော ကရင်တိုင်းရင်းသား ခေါင်းဆောင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းနှင့်အဖွဲ့ဝင်များတို့နှင့် သီးခြားစီ တွေ့ဆုံခဲ့သည်။

**သီးခြားစီတွေ့ဆုံ**

ညနေပိုင်းတွင် နိုင်ငံရေးပါတီများဖြစ်ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အရှေ့ချယ်ခံတစ်သီးပုဂ္ဂလအဖွဲ့နှင့် အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် သီးခြားစီ တွေ့ဆုံခဲ့သည်။

Mr.Gambari သည် ဩဂုတ်၂၁ရက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် အဖွဲ့ဝင်များ၊ ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကြည်တို့နှင့် သီးခြားစီတွေ့ဆုံခဲ့သည်။

Mr.Gambari သည် ဩဂုတ်၂၂ရက်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဘန်ဂါလီစွန်နီဂျာမေဗလီဝတ်ကျောင်းတော်၌ ဝတ်ပြုဆုတောင်းခဲ့ပြီး မွန်းလွဲပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အဖွဲ့ဝင်များနှင့် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံခဲ့သည်။

**ပြန်လည်ထွက်ခွာ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က Mr.Gambari နှင့်အဖွဲ့အားဩဂုတ် ၂၃ရက်တွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့လည်း တက်ရောက်ခဲ့သည်။ အလားတူ Mr.Gambari သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းခေါင်းဆောင်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် ဒုတိယအကြိမ် တွေ့ဆုံခဲ့သည်။ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊သံရုံးယာယီတာဝန်ခံများ၊တာဝန်ရှိသူများနှင့်ဒုတိယအကြိမ်တွေ့ဆုံခဲ့ပြီးနောက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**တွေ့ဆုံရန်ငြင်းပယ်**

Mr.Gambari ၏ ယခုတစ်ခေါက် ခရီးစဉ်အတွင်း ဩဂုတ် ၂၀ရက်နေ့ အစီအစဉ်တွင် နံနက်၁၀နာရီ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန် စီစဉ်ထားပြီးဖြစ်သော်လည်း ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံရန် ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် Mr.Gambari က ကိုယ်ရေးစာ ရေးသားပြီး တာဝန်ရှိသူများမှတစ်ဆင့် ဒေါ်အောင်ဆန်းစုကြည်ထံ ပေးပို့စေလျက် တွေ့ဆုံခွင့်ရရှိရန်ကြိုးပမ်းခဲ့သည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်က ၄င်းစာကို လက်မခံဘဲ တုံ့ပြန်မှုမရှိသည့်အတွက် တာဝန်ရှိသူများက နံနက် ၁၀နာရီခွဲမှ ၁၁ နာရီ မိနစ် ၄၀အထိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်နောက်ဘက် အုတ်တံတိုင်းဘက်မှ လက်ကိုင်အသံချဲ့စက်ဖြင့် Mr.Gambariမှ စာပေးလိုကြောင်း အော်ဟစ်အကြောင်းကြားခဲ့သည်။ ၄င်းအပြင် မွန်းလွဲ ၁နာရီ ၄၅မိနစ်မှ ၁နာရီ ၅၅မိနစ်အထိ Mr.Gambari ၏ စာအား ပေးလိုကြောင်းနှင့် လက်မခံနိုင်ပါက ခြံဝတွင်စာကပ်ထားမည့်အကြောင်း ထပ်မံ အကြောင်းကြားခဲ့ပြီး မွန်းလွဲ၂နာရီ မိနစ် ၄၀တွင် ခြံတံခါးဝအုတ်တံတိုင်း၌ Mr.Gambari ၏ စာအား ကပ်ထားခဲ့ကြောင်းသိရှိရသည်။ထိုနေ့တွင် Mr.Gambari အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရရန် ထိုကဲ့သို့ အမျိုးမျိုးကြိုးစားခဲ့သော်လည်း တစ်ဖက်မှ တုံ့ပြန်မှုမရှိသဖြင့် တွေ့ဆုံခွင့် မရခဲ့ပေ။

**တုံ့ပြန်မှုမရှိ**

သို့သော်Mr.Gambari ကဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရရှိရေး ထပ်မံကြိုးစားလိုကြောင်း တင်ပြလာသဖြင့် ဩဂုတ် ၂၂ရက် နံနက် ၇နာရီ မိနစ် ၅၀တွင် Mr.Gambari ၏ အဖွဲ့ဝင် နှစ်ဦးဖြစ်သည့် Mr.Erwan Pouchous နှင့် Ms.Hua Jiang တို့ သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်ထွန်းတို့ လိုက်ပါလျက် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ သွားရောက်ခဲ့ကြသည်။ နံနက်၈နာရီမှ ၈နာရီ ၂၅မိနစ်အထိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်း ရှေ့မှနေ၍ လက်ကိုင်အသံချဲ့စက်ဖြင့် ကုလသမဂ္ဂမှ Mr.Gambari ၏ ကိုယ်စားလှယ်နှစ်ဦး လာရောက်တွေ့ဆုံပါကြောင်း ကြိမ်ဖန်များစွာ အော်ဟစ်၍ ဆက်သွယ်မှုရရန် ကြိုးပမ်းခဲ့သော်လည်း တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိခဲ့ကြောင်း သိရှိရသည်။ ထို့ကြောင့် Mr.Gambari အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရရန် ဒုတိယအကြိမ် ကြိုးပမ်းခဲ့သော်လည်း တွေ့ဆုံခွင့်မရခဲ့ပေ။

**အကြိမ်ကြိမ်ကြိုးပမ်း**

ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရရှိရေးအတွက် နှစ်ရက်တိုင်တိုင် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့သဖြင့် Mr.Gambari အနေဖြင့် ဩဂုတ် ၂၀ရက်နေ့က တွေ့ဆုံပြီးဖြစ်သည့် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ထပ်မံတွေ့ဆုံခွင့် တောင်းခံခဲ့သည်။ အဆိုပါ တင်ပြချက်အရ နိုင်ငံတော်အစိုးရအနေဖြင့် ဩဂုတ်၂၂ရက်နေ့တွင် ထပ်မံတွေ့ဆုံနိုင်ရန် စီစဉ်ပေးခဲ့သည့်အတွက် Mr.Gambari သည် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံခွင့် ရရှိခဲ့သည်။

**စီစဉ်ပေး**

နိုင်ငံတော်အနေဖြင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ အကျိုးဆောင်မှုအခန်းကဏ္ဍကို အလေးထားလျက် Mr.Gambari ၏ ခရီးစဉ်အတိုင်း အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးခဲ့သည်။ တစ်ဖက်ကလည်း မြန်မာနိုင်ငံ၏ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ Mr.Gambari၏ခရီးစဉ်တိုင်း၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရရှိစေရန် စီစဉ်ပေးခဲ့သည်။ သို့သော် ယခုခရီးစဉ်၌မူ ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံရန် ငြင်းပယ်ခဲ့သည့်အတွက် Mr.Gambari အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့် မရခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဒုတိယအကြိမ်တွေ့ဆုံ**

**ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ တာဝန်ရှိသူများ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ ဒုတိယအကြိမ် တွေ့ဆုံကြစဉ်။**

(သတင်းစဉ်)

**ဩဂုတ် ၂၂ရက်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari ၏ အဖွဲ့ဝင်နှစ်ဦးဖြစ်သည့် Mr. Erwan Pouchous နှင့် Ms. Hua Jiang တို့ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းရှေ့သို့ ရောက်ရှိကြစဉ်။**

(သတင်းစဉ်)



**ဆက်သွယ်မှုရရန်ကြိုးပမ်း**

**Mr. Gambari ၏ အဖွဲ့ဝင်နှစ်ဦးဖြစ်သည့် Mr. Erwan Pouchous နှင့် Ms. Hua Jiang တို့ လာရောက်တွေ့ဆုံပါကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းရှေ့မှ ဆက်သွယ်မှုရရန် ကြိုးပမ်းစဉ်။**

(သတင်းစဉ်)

**စာမျက်နှာ ၆ မှ**

ထိုကဲ့သို့ သိသာထင်ရှားသည့်ရလဒ်များ ရှိမှသာလျှင် မြန်မာအစိုးရကို ဝေဖန်ပုတ်ခတ်နေသည့် နိုင်ငံများ၏ စွပ်စွဲချက်များကို ချေဖျက်နိုင်မှာဖြစ်ပါကြောင်း၊ မိမိနှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံနိုင်ရန် ကြိုးပမ်းရာတွင် နိုင်ငံတော်အစိုးရ၏ ကူညီဆောင်ရွက်ပေးမှုများအတွက်လည်း ကျေးဇူးတင်ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်မရသည့်အတွက် စိတ်မကောင်းသော်လည်း ဤသို့ဖြစ်ရသည်မှာ မြန်မာအစိုးရကြောင့်ရော၊ မိမိကြောင့်ရော မဟုတ်ပါကြောင်း၊ မိမိ၏ ခရီးစဉ်တိုင်းတွင် ယခင်က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရခဲ့သော်လည်း ယခုအခေါက် တွေ့ဆုံခွင့်မရသည့်အတွက် ဝမ်းနည်းဖွယ်ကောင်းကြောင်း၊ သို့သော် ဤအဖြစ်အပျက်ကြောင့် စိတ်ပျက်ရန် မလိုသကဲ့သို့ မိမိတို့အကြား တွေ့ဆုံဆွေးနွေးမှုကိုလည်း ရပ်ဆိုင်းပစ်ရန် မလိုပါကြောင်း၊ မိမိတို့အကြားတွင် သဘောတူညီချက်များ၊ သဘောမတူညီ ကွဲပြားမှုများ ရှိမည်ဖြစ်သော်လည်း ၄င်းနှစ်ဖက်ကြားထဲမှ အဆင်ပြေစွာ ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် ကဏ္ဍများကို ဆက်လက်ရှာဖွေသွားရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် NLD, CEC၊ ဆက်ဆံရေးဝန်ကြီး၊ ကုလသမဂ္ဂတို့ တွေ့ဆုံဆွေးနွေးရေး ဆက်လက်ဆောင်ရွက်သွားရန် ထပ်လောင်းအတည်ပြု ပြောကြားလိုပါကြောင်း၊ မြန်မာအစိုးရ အလိုရှိသည့်အချိန်တွင် လာရောက်ရန် မိမိအသင့်ရှိနေပါကြောင်း၊ ယမန်နေ့က NLD,CEC နှင့် တစ်နာရီကျော် တွေ့ဆုံခွင့်ရခဲ့ပြီး သဘောတူညီချက်များ၊ သဘောထားကွဲလွဲချက်များ၊ နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အချက်များကို ရှာဖွေနိုင်ရန်အတွက် ဆွေးနွေးခဲ့ကြောင်း၊ ၄င်းသည် ကောင်းမွန်သည့် အစပျိုးချက်ဖြစ်ပြီး ဆက်လုပ်သွားရမည်သာဖြစ်ကြောင်း၊ သိသာထင်ရှားသောရလဒ်များ ရရှိရေးအတွက် မိမိယခင် တင်ပြခဲ့သည့် အချက်ငါးချက်နှင့် သက်ဆိုင်နေပါကြောင်း၊ မြန်မာအစိုးရအနေနှင့် တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဆိုသည်ကို တရားဝင်ကြေညာပေးသင့်ကြောင်း၊ ထိန်းသိမ်းထားသူများအနက်မှ အသက်ကြီးရင့်သူများ၊ နာမကျန်းဖြစ်နေသူများနှင့် အနာဂတ်မြန်မာ့နိုင်ငံရေးအတွက် အပြုသဘောဆွေးနွေးနိုင်မည့်သူများကို ပြန်လွှတ်ပေးစေလိုကြောင်း၊ မိမိ အဆိုပြုသည့် Economic Forum ဖော်ဆောင်နိုင်ရေးနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနက နှစ်ဖက်သဘောတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်ရှာဖွေရေးနှင့်စပ်လျဉ်းပြီး စဉ်းစားနေကြောင်းသိရ၍ ဝမ်းသာပါကြောင်း၊ ရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းပြီးသည့် အချိန်တွင် ကုလသမဂ္ဂမှ နည်းပညာ အကြံပေးရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လိုကြောင်း၊ မိမိ၏ ကိုယ်စားလှယ်တစ်ဦး မြန်မာနိုင်ငံ၌ ခန့်ထားရေးကိစ္စနှင့်ပတ်သက်ပြီး မိမိတို့အကြား ပုံမှန်ဆက်ဆံရေး ထူထောင်နိုင်မည်ဟု ယုံကြည်မိပါကြောင်း၊ မိမိအနေနှင့် အထွေထွေအတွင်းရေးမှူးချုပ်၏ ခရီးစဉ်မတိုင်မီ မြန်မာနိုင်ငံသို့ နောက်တစ်ခေါက် လာရောက်ခွင့်အား လက်ခံစဉ်းစားပေးစေလိုပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့ ပြည်တွင်းရေးကို ပြေလည်အောင် ဖြေရှင်းပြီး မိမိနိုင်ငံအကျိုးကို ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားပါသည်။

တွေ့ဆုံဆွေးနွေးပွဲသည် နံနက် ၁၀နာရီ ၄၅မိနစ်တွင် ပြီးဆုံးခဲ့သည်။

**(သတင်းစဉ်)**

# တည်ဆဲအစိုးရသည် အခြေခံဥပဒေစတင်အာဏာတည်မည့် ပြည်ထောင်စုလွှတ်တော်ပထမအစည်းအဝေး စတင်ကျင်းပသည့်နေ့မတိုင်မီအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တာဝန်အပ်နှင်းခြင်းခံရသည့် အသွင်ကူးပြောင်းရေးကာလ အစိုးရဖြစ်

● *ကျော်ဖုန်းမှ*

## အသိအမှတ်ပြု

တွေ့ဆုံပွဲတွင် Mr.Ibrahim Agboola Gambari က ဦးစွာ ရှင်းလင်း ဆွေးနွေးရာ၌ မိမိခရီးစဉ်၏ အဓိက ရည်ရွယ်ချက်မှာ မိမိတို့ နှစ်ဖက်အကြား ယုံကြည်မှု ပိုမိုနက်ရှိုင်းစွာ တည်ဆောက်နိုင်ရန်နှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ရုံးနှင့် မြန်မာနိုင်ငံတို့အကြား အကျိုးဆောင်မှုအခန်းကဏ္ဍကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားနိုင်ရန် ဖြစ်ကြောင်း၊ **၂၀၀၆ခုနှစ် မေလက မြန်မာနိုင်ငံသို့ မိမိပထမဆုံးအကြိမ် လာရောက်ခဲ့ပြီး ထိုစဉ်က မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံ ကျင်းပနေချိန်ဖြစ်ကြောင်း၊ ယခု နှစ်နှစ်ခန့်ကာလအတွင်း မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်(၅)သို့ ရောက်ရှိဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် အသိအမှတ်ပြုပါကြောင်း၊** မြန်မာအစိုးရဘက်မှ အခြေခံဥပဒေအောင်မြင်စွာ အတည်ပြုနိုင်ခြင်း၊ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကိစ္စကို အဆင်ပြေချောမွေ့အောင် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း စသည့် ကြိုးပမ်းဆောင်ရွက်မှုများရှိခဲ့သည်ကိုလည်း မိမိအသိအမှတ်ပြုပါကြောင်း၊ သို့သော် ထိုသို့ ကြိုးပမ်းဆောင်ရွက်ပေးနေသည့်ကြားမှပင် ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံတကာအကြား၌ မြန်မာနိုင်ငံအပေါ် အာရုံစူးစိုက်မှု ပိုမို မြင့်မားလာခဲ့ကြောင်း၊ အပြုသဘောအဖြစ် ရှုမြင်ခြင်းမရှိသော သဘောထားများရှိနေကြောင်း၊ နာဂစ် မုန်တိုင်းအလွန်၌ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် လာရောက်ခဲ့ခြင်းသည် မြန်မာနိုင်ငံသို့ (၄၄)နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ် လာရောက်ခဲ့ခြင်းဖြစ်ပြီး ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်အနေဖြင့် ၎င်း၏ ခရီးစဉ်အပြီးတွင် အချက်နှစ်ချက်ကို ပြောကြားခဲ့ကြောင်း၊ ၎င်းအချက်နှစ်ချက်မှာ မြန်မာနိုင်ငံ၌ အပြုသဘောဆောင်ပြီး ပျော့ပျောင်းသည့် သဘောထားပြသလျက် နိုင်ငံတကာအကူအညီများကို လက်ခံခဲ့သည့်အတွက် အားရမိကြောင်းနှင့် ယခုကဲ့သို့ ပွင့်လင်းပျော့ပျောင်းစွာဆက်ဆံမှုကို အခြေခံပြီး ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတို့အကြား ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မိကြောင်းဟူ၍ ဖြစ်ကြောင်း။

မိမိအနေဖြင့် မြန်မာနိုင်ငံဘက်မှ အဆိုပြုချက်၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း လက်ခံကြိုဆိုပါကြောင်း၊ ဖိတ်ခေါ်ပါကြောင်း၊ **မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များအတွက် အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား ထိတွေ့ဆွေးနွေးမှုများ ဆက်လက် ဆောင်ရွက်သင့်သည်ဟု ယူဆပါကြောင်း၊ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ နိုင်ငံတကာယုံကြည်လက်ခံမှုရရှိရေး အတွက် ကုလသမဂ္ဂ၏ ကျွမ်းကျင်မှုအကူအညီများ လက်ခံရယူ ဆောင်ရွက်သင့်ပါကြောင်း၊ နာဂစ်ကြောင့် ထိခိုက်ပျက်စီး သွားမှုများ အပါအဝင် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်မြှင့်တင်ပေးနိုင်ရေးအတွက်** Economic Forum **ထူထောင်ဆောင်ရွက်ပေးသွားလိုပါကြောင်း၊ မြန်မာအစိုးရနှင့် အထွေထွေအတွင်းရေးမှူးချုပ်ရုံးတို့အကြား ပုံမှန်ဆက်ဆံရေး လမ်းကြောင်းကိုလည်း ထူထောင်ထားရှိလိုပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် လူသားချင်း စာနာထောက်ထားသည့် ရှုထောင့်မှနေ၍ ထိန်းသိမ်းထားသည့် အသက်ကြီးရင့်သူများ၊ နာမကျန်းဖြစ်နေသူများကို ပြန်လည်စေလွှတ်ပေးရန် စဉ်းစားသုံးသပ် စေလိုပါကြောင်း၊ ၎င်းအပြင် မြန်မာ့အရေးဆွေးနွေးရာ၌ ပူးပေါင်းပါဝင်ဖြေရှင်း နိုင်မည့်သူများကိုလည်း ပြန်လွှတ်ပေးမည်ဆိုပါက ပိုမို အကျိုးရှိနိုင်မည်ဟု ရှုမြင်ပါကြောင်း၊ မြန်မာ့အရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂအနေဖြင့် မည်သို့ ပူးပေါင်းဆောင်ရွက်ပေးစေလိုသည်ကို သိလိုပါကြောင်း၊ မြန်မာနိုင်ငံဘက်မှ အခက်အခဲရှိပါကလည်း ပြောကြားစေလိုကြောင်း၊ ၎င်းအပြင် ယခင်က မဆွေးနွေးခဲ့ဖူးသည့် အကြောင်းအရာအသစ်များ ပြောကြားရန်ရှိပါကလည်း မိမိဘက်မှ ဆွေးနွေးရန် အသင့်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသည်။**

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ကုလသမဂ္ဂအထူးအကြံပေးပုဂ္ဂိုလ် Mr. Gambari အား မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားသည်။

ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်း ပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

## ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားချက်များ

အဆွေတော်နှင့်အဖွဲ့ဝင်များအား လှိုက်လှဲစွာ ကြိုဆိုပါကြောင်းနှင့် ယခုလို ပြန်လည်တွေ့ဆုံခွင့်ရရှိတဲ့အတွက် အထူးပင်ဝမ်းမြောက်ဝမ်းသာရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ အဆွေတော်နဲ့ ကျွန်တော်တို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့တို့ တွေ့ဆုံခဲ့ကြတာ အခုဆိုရင် စတုတ္ထအကြိမ်မြောက် ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့နဲ့ အဆွေတော်ဟာ ယခင်က သုံးကြိမ်တိုင်တိုင် တွေ့ဆုံပြီး ရင်းနှီးပွင့်လင်းခင်မင်စွာ ဆွေးနွေးတိုင်ပင် အမြင်ချင်းဖလှယ်ခဲ့ကြပြီးဖြစ်တဲ့အတွက် တစ်ယောက်သဘောကို တစ်ယောက်နားလည်ပြီး တကယ့်ကို မိတ်ဆွေရင်းချာ ဖြစ်နေကြပါပြီ။ဒါကြောင့် ယခုစတုတ္ထအကြိမ် တွေ့ဆုံမှုမှာလည်း ယခင်အကြိမ်များကထက် ပိုမိုခင်မင် ရင်းနှီးပွင့်လင်းစွာနဲ့ အမြင်ချင်းဖလှယ်ပြီး အကျိုးရလဒ်ကောင်းတွေ ဆောင်ကြဉ်းပေးနိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

**ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများ အားလုံးနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်နဲ့အညီ ချစ်ကြည် ရင်းနှီးစွာ ဆက်ဆံလျက်ရှိပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ချုပ်ကြီးနဲ့ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ရေးဟာလည်း ကျွန်တော်တို့နိုင်ငံ နိုင်ငံခြားရေးမူဝါဒရဲ့ အဓိက မူဝါဒဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံဟာ ကုလသမဂ္ဂနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့၊ ပူးပေါင်းဆောင်ရွက်ဆဲဖြစ်သလို အနာဂတ်မှာလည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမှာသာဖြစ်ပါတယ်။ အလားတူ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အကျိုးဆောင်မှုအခန်းကဏ္ဍကိုလည်း အမှန်ပင် အလေးအနက်ထားလေးစား ပါတယ်။ မေလအတွင်းက ကျရောက်ခဲ့တဲ့ နာဂစ်မုန်တိုင်းကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်း တွေမှာ စိတ်အားထက်သန်စွာ ကူညီဆောင်ရွက်ပေးခဲ့တဲ့ အတွင်းရေးမှူးချုပ်နဲ့ ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍကိုလည်း ကျွန်တော်တို့ အလေးထား အသိအမှတ်ပြုပါတယ်။** ဒါကြောင့် မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများနဲ့ ပတ်သက်တဲ့ အခြေအနေမှန်များကိုသိရှိပြီး အပြုသဘောဆောင်တဲ့ အခန်းကဏ္ဍက ပါဝင်လာနိုင်အောင် အဆွေတော်ကို အခုလို ဖိတ်ကြားစီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ယခု ခရီးစဉ်မှာ အဆွေတော်ရဲ့ လုပ်ငန်းကိစ္စအဝဝ အဆင်ပြေ ချောမွေ့အောင်မြင်မှု ရရှိနိုင်အောင်လည်း ကျွန်တော်တို့ဘက်က တတ်စွမ်းသမျှ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ရဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုဆိုင်ရာ နောက်ဆုံးအခြေအနေ များကို အကျယ်တဝင့် ရှင်းလင်းပြောကြားလိုပါတယ်။ အဆွေတော်သိပြီးဖြစ်တဲ့အတိုင်း မြန်မာပြည်သူအားလုံးက ဒီမိုကရေစီကို လိုလားတောင့်တလျက်ရှိကြပါတယ်။ အဲဒီလိုလားချက်အတိုင်း ဒီမိုကရေစီကို ဖော်ဆောင်နိုင်ဖို့အတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်ပေးနေခြင်းပဲဖြစ်ပါတယ်။ **မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဖော်ဆောင်သွားမယ် ဆိုတာကိုလည်း ၂၀၀၃ ခုနှစ်ကတည်းက တိုင်းသိပြည်သိ ကမ္ဘာသိကြေညာခဲ့ပြီး ဖြစ်ပါတယ်။ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုများအပေါ်မှာ အဆွေတော်တို့ ကမ္ဘာ့ကုလသမဂ္ဂ အပါအဝင် အာဆီယံနိုင်ငံတွေ၊ အိမ်နီးချင်းနဲ့ ဒေသတွင်းနိုင်ငံတွေ၊ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံတွေ စသဖြင့် နိုင်ငံတကာကလည်း အသိအမှတ်ပြု ထောက်ခံ ခဲ့ကြပြီးဖြစ်ပါတယ်။**

## ဒီမိုကရေစီနည်းလမ်း

**ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေ အရှိတရားအရ ဒီမိုကရေစီကို ဖော်ဆောင်ရာမှာ အဲဒီမူဝါဒလမ်းစဉ်(၇)ရပ် ဟာ အသင့်မြတ်ဆုံးနဲ့ အကိုက်ညီဆုံးဖြစ်တယ်လို့ ကျွန်တော်တို့ သုံးသပ်တွေ့ရှိရပါတယ်။ ဒီမိုကရေစီစနစ်ကို အသွင်ကူးပြောင်းရာမှာ တည်ငြိမ်အေးချမ်းစွာနဲ့ အန္တရာယ်ကင်းကင်း သွားနိုင်မယ့်နည်းလမ်းဟာ မူဝါဒလမ်းစဉ်(၇)ရပ်ပဲ ဖြစ်တယ်လို့ ယုံကြည်ခံယူထားပါတယ်။** မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၁)ဖြစ်တဲ့ အမျိုးသားညီလာခံဆိုတဲ့ အင်မတန် ကြီးမားကျယ်ပြန့်လေးနက်တဲ့ လုပ်ငန်းစဉ်ကြီးကို ပြည်သူအားလုံး၊ တိုင်းရင်းသား ညီနောင်အားလုံးရဲ့ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်လက်တွဲမှုနဲ့ ချောမော အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ အမျိုးသားညီလာခံရဲ့ ကျယ်ပြန့် လေးနက်သိမ်မွေ့မှုကိုလည်း အဆွေတော်ကိုယ်တိုင် အကြိမ်ကြိမ် သွားရောက် လေ့လာသိရှိခဲ့ပြီးဖြစ်ပါတယ်။ အလားတူ အဆင့်(၄)ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူအတည်ပြုရေးလုပ်ငန်းစဉ်မှာလည်း အားလုံး ပါဝင်ခွင့်ရအောင် ဒီမိုကရေစီနည်းလမ်းများနဲ့အညီ စနစ်တကျ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဆင့်(၄)ဖြစ်တဲ့ ဆန္ဒခံယူပွဲမှာ ပြည်သူက အခြေခံဥပဒေမူကြမ်းကို အတည်ပြုလိုက်ခြင်းဟာ အခြေခံဥပဒေကို အတည်ပြုရုံသာမက မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ဆောင်ရွက်ရန်ကိုပါ ထပ်မံအတည်ပြုလိုက်ခြင်း ဖြစ်ပါတယ်။ **ဒါကြောင့် ယနေ့အခါမှာ မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ကျန်တဲ့အဆင့်(၅)၊ (၆)၊ (၇)များကိုလည်း အောင်မြင်ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဆင့်(၅)ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဆောင်ရွက်ရာမှာလည်း အားလုံးပါဝင်ခွင့်ရအောင်၊ ဒီမိုကရေစီ နည်းလမ်းတကျဖြစ်အောင် ဖော်ဆောင်ပေးသွားမှာပဲ ဖြစ်ပါတယ်။ ဒါဟာ အဆွေတော်ပြောတဲ့ အားလုံးပါဝင်ခွင့်ရအောင် ဆောင်ရွက်ပေးမယ့် အစီအစဉ်ပဲ ဖြစ်ပါတယ်။**

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ပျက်ပြားအောင်၊ နှောင့်နှေးအောင်၊ ထိခိုက်အောင် **ကြိုးပမ်းဆောင်ရွက်ချက်မှန်သမျှကို လက်ခံနိုင်ဖို့ ခဲယဉ်းပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီ ဖော်ဆောင်မှုလုပ်ငန်းစဉ်များကို အဆွေတော်တို့ အပါအဝင် နိုင်ငံတကာကရော၊ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက် အုပ်စုတွေကပါ လိုလားနှစ်သက်တယ်လို့ ယူဆပါတယ်။ ဒါကြောင့် ဒီမိုကရေစီလိုလားသူတိုင်းက မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုအောင်မြင်အောင် ပူးပေါင်းလက်တွဲဆောင်ရွက်ပေးသင့်တယ်လို့ ရိုးသားစွာ ယုံကြည်မိပါတယ်။**

## စီမံဆောင်ရွက်

**မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၄)ဖြစ်တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မေလ ၁၀ရက်နဲ့ ၂၄ရက်နေ့တို့မှာ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါတယ်။ အဲဒီလို ကျင်းပပေးခဲ့ရာမှာ ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေတွေ ထုတ်ပြန်ပြဋ္ဌာန်းပြီး ၎င်းဥပဒေများနဲ့အညီ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီဥပဒေ၊ နည်းဥပဒေများဟာလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲပြုစုထားတဲ့ဥပဒေ၊ နည်းဥပဒေတွေဖြစ်ပါတယ်။ အဲဒီလိုဥပဒေများ စနစ်တကျ ပြဋ္ဌာန်းပေးခဲ့တဲ့အပြင် ဗဟို၊ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်များကို အဆင့်ဆင့်ဖွဲ့စည်းပြီး ဆန္ဒခံယူပွဲမှာ စနစ်တကျ ကြီးကြပ်စီမံဆောင်ရွက်စေခဲ့ပါတယ်။ မဲပေးတဲ့စနစ်ကိုလည်း မဲပြားသုံးပြီး ထောက်ခံ/ မထောက်ခံ မဲပုံးနှစ်ပုံးထားရှိဆောင်ရွက်တဲ့စနစ်ကို မကျင့်သုံးခဲ့ပါဘူး။ အဲဒီအစား မမှန်မကန်ဆောင်ရွက်နိုင်ဖို့ အခွင့် အလမ်းနည်းတဲ့ မဲလက်မှတ်သုံးပြီး မဲပုံးတစ်ပုံးတည်းထားကာ လျှို့ဝှက်မဲပေးတဲ့စနစ်ကို ကျင့်သုံးပြီး ကျင်းပပေးခဲ့တာ ဖြစ်ပါတယ်။** ဒါ့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကိုရော ဆန္ဒခံယူပွဲ ဥပဒေ၊ နည်းဥပဒေတွေကိုပါအချိန်မီ ကြိုတင်ထုတ်ပြန်ဖြန့်ချိပေးခဲ့ပြီး ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်အောင် စီမံဆောင်ရွက်ပေး ခဲ့ပါတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ကျင့်သုံးဆောင်ရွက်မယ့် လုပ်ငန်းစနစ်များနဲ့ စီမံဆောင်ရွက်ထားမှု အခြေအနေ အားလုံးကို ပြီးခဲ့တဲ့အခေါက် အဆွေတော်ရဲ့ခရီးစဉ်မှာကတည်းက အဆွေတော်ကို ရှင်းလင်း ပြောကြားပြီးဖြစ်လို့ အဆွေတော်လည်း သိရှိနားလည်ပြီး ဖြစ်ပါလိမ့်မယ်။

တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပတဲ့ နေ့မှာလည်း မြန်မာနိုင်ငံရှိ သံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို ဒေသအသီးသီးအရောက် ပို့ဆောင် ပေးပြီး ပြည်သူအများ ကိုယ်ပိုင်ဆန္ဒနဲ့အညီ လွတ်လပ်စွာ မဲပေးနေမှု အခြေအနေတွေကို မျက်မြင်ကိုယ်တွေ့လေ့လာသိရှိ နိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြုရေး ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲဟာ လွတ်လပ်ပြီး တရားမျှတမှုရှိကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

## အတည်ပြု

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲရဲ့ စုစုပေါင်းရလဒ်များကို ကြည့်မယ်ဆိုရင် ပြည်ထောင်စု တစ်ဝန်းလုံးရှိ အသက်(၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးခွင့်ရှိသူ ဦးရေ ၂၇၂၈၈၈၂၇ ဦးဖြစ်ပြီး ဆန္ဒမဲပေးသူဦးရေမှာ ၂၆၇၇၆၆၇၅ ဦးဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၁၂ ရာခိုင်နှုန်းဖြစ်ပါတယ်။ အဲဒီဆန္ဒမဲပေးသူ ဦးရေထဲက ထောက်ခံဆန္ဒမဲပေးသူ ၂၄၇၆၄၁၂၄ ဦးဖြစ်လို့ ရာခိုင်နှုန်းအားဖြင့် ၉၂ဒသမ၄၈ရာခိုင်နှုန်းဖြစ်ပါတယ်။ ကန့်ကွက်ဆန္ဒမဲပေးသူ ၁၆၃၁၇၃၂ ဦးဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့် ၆ဒသမ၁၀ရာခိုင်နှုန်းဖြစ်ပြီး ပယ်မဲ၃၈၀၈၁၉ ဦးရှိလို့ ရာခိုင်နှုန်းအားဖြင့် ၁ဒသမ ၄၂ရာခိုင်နှုန်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဆန္ဒမဲပေးသူအားလုံးရဲ့ ၉၂ဒသမ ၄၈ရာခိုင်နှုန်းထောက်ခံ မဲနဲ့ အတည်ပြုနိုင်ခဲ့ပါတယ်။ **ဒါကြောင့် အဲဒီအခြေခံဥပဒေဟာ ယနေ့ပြည်သူ အများစုက Mandate ပေးခြင်းခံရတဲ့ အခြေခံဥပဒေဖြစ်သွားပြီဖြစ်ကြောင်း ပြောကြားလိုပါတယ်။**

**အဲဒီလိုအခြေခံဥပဒေကို အများစုက ထောက်ခံခဲ့ကြတာဟာ ပြည်သူများအနေနဲ့ အခြေခံဥပဒေကို တကယ် နှစ်သက်လက်ခံလို့ ဖြစ်သလို တစ်ဖက်ကလည်း လက်ရှိနိုင်ငံတော်အစိုးရအပေါ် တကယ်ယုံကြည်အားကိုးလို့သာ ဖြစ်ပါတယ်။ ပြည်သူက တကယ်နှစ်သက်လက်ခံလို့ ထောက်ခံမဲပေးတာ မှန်ကန်ကြောင်း အဆွေတော် နှိုင်းယှဉ် သုံးသပ်နိုင်အောင် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုစဉ်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအကြောင်း အနည်းငယ် ရှင်းပြလိုပါတယ်။** အဲဒီအချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ဦးဆောင်မှုနဲ့ ကျင်းပပေးခဲ့တာဖြစ်ပြီး ဆိုရှယ်လစ်စနစ် ရေချိန်မြင့်တက်နေချိန် ဖြစ်ပါတယ်။ အတိုက်အခံဆိုတာရော ဆန့်ကျင်မှုဆိုတာပါ လုံးဝမရှိဘဲ အဘက်ဘက်က ညီညွတ်နေတဲ့ အခါသမယလည်းဖြစ်ပါတယ်။ ဒါ့အပြင်လမ်းစဉ်ပါတီ ကလာပ်စည်း အဆင့်ဆင့်အနေနဲ့ အခြေခံခိုင်ခိုင် မာမာရပ်တည်စုဖွဲ့ထားပြီးသား၊ ကွက်ပြည့်စည်းရုံးထားပြီးသား အခြေအနေမျိုးလည်းဖြစ်ပါတယ်။ သို့သော် အဲဒီအခြေ အနေ မျိုးမှာတောင် ထောက်ခံမဲ ၉၀ ဒသမ ၁၇ ရာခိုင်နှုန်းသာ ရရှိခဲ့ပါတယ်။ တကယ်ဆို အခြေအနေအရပ်ရပ်က ဒီထက်ပိုပြီး ထောက်ခံမဲရသင့်တဲ့ အခြေအနေမျိုးပါ။ သို့သော် မကြိုက်တဲ့ပြည်သူတွေက မထောက်ခံခဲ့တဲ့အတွက် အဲဒီလောက်ပဲရခဲ့တာ ဖြစ်ပါတယ်။

**ဒီနေ့အခြေအနေမှာတော့ အဘက်ဘက်က ဆန့်ကျင်ထိုးနှက်မှုတွေအကြားက ဆန္ဒခံယူပွဲကို ကျင်းပခဲ့ရတာ ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့တွေအနေနဲ့ No-Vote ဆိုပြီး ဆန္ဒမဲမပေးကြဖို့၊ Vote-No ဆိုပြီး မဲပေးရင်လည်း ကန့်ကွက်မဲသာပေးကြဖို့ စည်းရုံးလှုံ့ဆော်တာတွေ ပြင်းပြင်းထန်ထန် ဆောင်ရွက်ခဲ့ကြပါတယ်။ ယုတ်စွအဆုံး သောင်းကျန်းသူတွေကတောင် သူတို့နဲ့ နီးစပ်ရာဒေသတွေမှာ ပြည်သူတွေကို ကန့်ကွက်မဲပေးကြဖို့ အတင်းအကျပ် ဖိအားပေးခဲ့ကြပါတယ်။ ပြည်ပအင်အားကြီးနိုင်ငံ အချို့ကလည်း ဆန့်ကျင်ပိတ်ဆို့မှု အမျိုးမျိုးပြုလုပ်ပြီး ပြည်သူများအတွင်း တည်ဆဲအစိုးရအပေါ် အဆိုးမြင်လာအောင် ကြိုးပမ်းခဲ့ကြပါတယ်။ ဒါပေမယ့် ဒီလိုအဘက်ဘက်က ဆန့်ကျင်စည်းရုံး ဖိအားပေးနေတဲ့ကြားထဲက ၁၉၇၄ ခုနှစ် အခြေအနေကို ကျော်လွန်ပြီး ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ထောက်ခံမဲရခဲ့တာဟာ ပြည်သူက တကယ်နှစ်သက်လို့၊ တကယ်လက်ခံလို့သာ ဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။** ပြည်သူများက တကယ်နှစ်သက်လို့ တကယ်ထောက်ခံတာမှန်၊ မမှန်ကိုလည်း အဆွေတော်ကိုယ်တိုင် လေ့လာနိုင်ပါတယ်။

# မိမိတို့ အစိုးရဟာ အသွင်ကူးပြောင်းရေးကာလ အစိုးရဖြစ်သည်နှင့်အညီ ပြည်သူတို့ရဲ့ဆန္ဒအတိုင်း မူဝါဒ လမ်းစဉ်(၇)ရပ် အောင်မြင်အောင် မဆုတ်မနစ် ဆက်လက်ဆောင်ရွက်မည်

### ပြည်သူ့ကိုယ်စား

ဒါကြောင့် ကျွန်တော်တို့ တည်ဆဲအစိုးရဟာ ပြည်သူများက အတည်ပြုထားတဲ့ အခြေခံဥပဒေအရ ပြည်သူ့ကိုယ်စား ယနေ့ ဆောင်ရွက်နေကြတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၄)အသွင်ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များမှ ပုဒ်မ(၄၄၂)မှာ "ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအာဏာမတည်မီ နိုင်ငံတော်အချုပ်အခြာအာဏာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်လက် ကျင့်သုံးဆောင်ရွက်ရမည်" ဟူ၍လည်းကောင်း၊ ပုဒ်မ(၄၄၃)မှာ "ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်သည့်လုပ်ငန်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။" ဟူ၍ လည်းကောင်း ဖွင့်ဆိုထားပါတယ်။ **ဒါကြောင့် တည်ဆဲအစိုးရဟာ အခြေခံဥပဒေ စတင် အာဏာတည်မည့် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေး စတင်ကျင်းပသည့်နေ့ မတိုင်မီအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တာဝန်အပ်နှင်းခြင်းခံရတဲ့ အသွင်ကူးပြောင်းရေးကာလအစိုးရ (Transitional Government) ဖြစ်လာပါတယ်။**

**အဲဒီလို ကျွန်တော်တို့ အစိုးရဟာ အသွင်ကူးပြောင်းရေးကာလ အစိုးရဖြစ်တာနဲ့အညီ ပြည်သူရဲ့ဆန္ဒ Mandate အတိုင်း မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် မဆုတ်မနစ် ဆက်လက်ဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်မှုများအပေါ် ပျက်ပြားအောင်၊ ထိခိုက်အောင် ကြိုးပမ်းလာမှု မှန်သမျှကို လက်ခံနိုင်မှာမဟုတ်သလို ပြည်သူတွေ Mandate ပေးထားတဲ့၊ ပြည်သူတွေက အတည်ပြုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပျက်ပြားအောင်၊ တရားမဝင်အောင်၊ ထိခိုက်အောင် ကြိုးပမ်းလာမှုတွေကိုလည်း ဆန့်ကျင်ဖယ်ရှားသွားမှာသာ ဖြစ်ပါတယ်။**

### စဉ်းစားသုံးသပ်

မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ အဆင့်(၅)ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကြိုတင်ကြေညာထားပြီးဖြစ်တဲ့အတိုင်း ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပပေးသွားမှာဖြစ်ပါတယ်။ အဲဒီလို မကျင်းပမီ သင့်လျော်တဲ့အချိန်မှာ နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေ ထုတ်ပြန်ပြီး ဥပဒေနဲ့အညီ ပါတီများထူထောင်ခွင့်၊ စည်းရုံးခွင့်နဲ့ အရွေးချယ်ခံပိုင်ခွင့်များကို ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ အဲဒီအခါမှာ အစိုးရကို ဆန့်ကျင်နေသူရော ထောက်ခံသူများပါ၊ အလားတူ အခြေခံဥပဒေကို ဆန့်ကျင်သူရော ထောက်ခံသူများပါ ဥပဒေနဲ့အညီ အထက်ဖော်ပြပါ အခွင့်အရေးများ တန်းတူအားလုံး ရကြမှာဖြစ်ပါတယ်။ **ဒါဟာ အားလုံးပါဝင်ခွင့် ရရှိရေးဆိုတဲ့ အချက်အပေါ် အားလုံးပါဝင်ခွင့်ရအောင် ဆောင်ရွက်ပေးထားခြင်းပဲဖြစ်ပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲကော်မရှင်နဲ့ အခြားလိုအပ်မယ့် အောက်ခြေအဆင့်ဆင့် ရွေးကောက်ပွဲကော်မရှင်များကိုပါ စနစ်တကျဖွဲ့စည်းပေးပြီး လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲများဖြစ်အောင် စီစဉ်ကျင်းပပေးသွားမှာဖြစ်ပါတယ်။ ကော်မရှင်ဖွဲ့ပြီးပါက လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်နိုင်ရန် ကော်မရှင်က လိုအပ်ချက်များကို စဉ်းစားသုံးသပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

### အကောင်အထည်ဖော်နိုင်

ရွေးကောက်ပွဲမှာ ပြည်သူ့ဆန္ဒမဲနဲ့ အရွေးချယ်ခံရပြီဆိုရင် အဆင့်(၆)ဖြစ်တဲ့ လွှတ်တော်အသီးသီးမှာ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်ခွင့်ရကြမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ ဖြစ်လာပြီဆိုရင် လွှတ်တော်အတွင်းမှာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ဥပဒေပြုရေးဆိုင်ရာ ကိစ္စအဝဝမှာ လွတ်လပ်စွာ ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ကြမှာ ဖြစ်သလို ဒီမိုကရေစီနည်းလမ်းတကျ ကျင့်သုံးဆုံးဖြတ်အကောင်အထည်ဖော်နိုင်လာကြမှာပဲ ဖြစ်ပါတယ်။

### ထပ်ဆင့်ရှင်းလင်း

ကျွန်တော်တို့အနေနဲ့ ပြည်သူများရဲ့ လိုလားချက်ဆန္ဒကိုအစဉ်အလေးထားပြီး ဒီမိုကရေစီဖော်ဆောင်မှုကို အထက်ပါအတိုင်း ဆက်လက်အကောင်အထည် ဖော်သွားမှာပဲဖြစ်ပါတယ်။ အဲဒီလို ဖော်ဆောင်ရာမှာ ပြည်သူများအတည်ပြုပေးထားတဲ့ အခြေခံဥပဒေနဲ့အညီ ပြည်သူများကိုယ်စား ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဒီအကောင်အထည်ဖော်ဆောင်ရွက်မှုကို ပျက်ပြားအောင်၊ ထိခိုက်အောင် ဆောင်ရွက်မှုများကို လက်မခံနိုင်တာ သဘာဝကျပါတယ်။ ဒါ့အပြင် ဒီမိုကရေစီဖော်ဆောင်ခြင်း၊ တိုင်းပြည်နဲ့လူမျိုး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေး ဖွံ့ဖြိုးဝေဆာလာအောင် ဆောင်ရွက်ခြင်းစတဲ့ ဆောင်ရွက်ချက်များဟာ အဆွေတော်တို့ အပါအဝင် ကုလသမဂ္ဂ၊ ကမ္ဘာ့မိသားစုဝင်နိုင်ငံများ၊ ဒေသတွင်းနဲ့ အိမ်နီးချင်းနိုင်ငံများ အားလုံးက လိုလားထောက်ခံကြရမယ့် လုပ်ငန်းစဉ်များသာ ဖြစ်ပါတယ်။ **ဒါကြောင့် ကျွန်တော်တို့ရဲ့ မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များ အောင်မြင်အောင် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ဒါ့အပြင် အခြေအနေမှန်ကို အဆွေတော်ကတစ်ဆင့် အထွေထွေအတွင်းရေးမှူးချုပ်နဲ့ အခြားပုဂ္ဂိုလ်များ၊ အဖွဲ့များ သိရှိနားလည် လက်ခံလာအောင် ကူညီရှင်းလင်း အကျိုးဆောင်ပေးနိုင်လိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်။ နောက်ရက်များမှာ အဆွေတော်နဲ့ တွေ့ဆုံခွင့်ရကြမယ့် ဆန့်ကျင်ဘက်နိုင်ငံရေးအဖွဲ့များကိုပါ နားလည်သဘောပေါက်လက်ခံလာအောင် အဆွေတော်အနေနဲ့ ထပ်ဆင့်ရှင်းလင်း အကျိုးဆောင်ပေးနိုင်လိမ့်မယ်လို့လည်း မျှော်လင့်မိပါကြောင်း ပြောကြားလိုပါတယ်။**

### ငြိမ်းချမ်းရေးတည်ဆောက်

တကယ်တော့ နိုင်ငံနဲ့လူမျိုးဖွံ့ဖြိုးတိုးတက်ဖို့နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်တည်ငြိမ်ရေးဟာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ ဒါကြောင့်လည်း အစိုးရအနေနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင် အစဉ်တစိုက် ဦးစားပေးကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အားလုံးနီးပါးနဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ပြီး ကျွန်တော်တို့နိုင်ငံမှာ ဘယ်ခေတ်ဘယ်အခါနဲ့မှ မတူအောင် တည်ငြိမ်အေးချမ်းမှုရရှိနေတာကို အဆွေတော် အသိပဲဖြစ်ပါတယ်။ ဒါ့အပြင် ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအတွက်လည်း ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားဆဲသာဖြစ်ပါတယ်။ **အလားတူ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး အတွက်လည်း နိုင်ငံတော် အစိုးရအနေနဲ့ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် အဆွေတော်ရဲ့ ဆွေးနွေးတင်ပြချက်ကို အလေးထားပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရေးကို ယခင်ဆောင်ရွက်ခဲ့သည့်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။**

### ကူညီဆောင်ရွက်

ပြီးခဲ့တဲ့ နာဂစ်လေမုန်တိုင်းကိစ္စမှာ ကျွန်တော်တို့အနေနဲ့ ကုလသမဂ္ဂ၊ အာဆီယံတို့နဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသမှုအဖွဲ့များ စသည်တို့နဲ့လည်း အစစ အဆင်ပြေချောမွေ့အောင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ တစ်ဖက်ကလည်း အဆွေတော်တို့ရဲ့ ကုလသမဂ္ဂဆိုင်ရာ လုပ်ငန်းများ အထစ်အငေါ့မရှိ အောင်မြင်ချောမောစွာ ဆောင်ရွက်နိုင်အောင် အနီးကပ်ပူးပေါင်း ဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အခြေစိုက်တဲ့ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းအားလုံးကလည်း အဆွေတော်တို့ရဲ့ အကျိုးဆောင်မှုလုပ်ငန်းများ အဆင်ပြေအောင် ကူညီဆောင်ရွက်ပေးနေတဲ့အတွက် အဆွေတော်ရဲ့ ရုံးလုပ်ငန်းကိစ္စများ ချောမွေ့အဆင်ပြေနေတယ်လို့ ယုံကြည်မိပါကြောင်း ပြောကြားလိုပါတယ်။

**ယနေ့အခါမှာ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် ဆောင်ရွက်သလောက် ခရီးမရောက်ဘဲ အခက်အခဲတွေ့နေရတာကတော့ အဆွေတော် သိပြီးဖြစ်တဲ့အတိုင်း အနောက်အင်အားကြီး နိုင်ငံတွေရဲ့ အဘက်ဘက်က ပိတ်ဆို့မှုတွေကြောင့်ပဲဖြစ်ပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ အဆွေတော်အနေနဲ့ ကျွန်တော်တို့ပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ဝင်တစားကူညီလိုကြောင်း သိရတဲ့အတွက် အထူးပဲကျေးဇူးတင်မိပါတယ်။ ဒီကိစ္စအတွက်လည်း ကျွန်တော်တို့ဘက်က စဉ်းစားလျက်ရှိကြောင်း ပြောကြားလိုပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနဝန်ကြီးနဲ့ တွေ့ဆုံချိန်မှာ ဆက်လက်ဆွေးနွေးသွားရန်ဖြစ်ပါတယ်။**

### တရားမျှတ

**၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲကို နိုင်ငံတကာမှ ယုံကြည်စိတ်ချစေရန်အတွက် ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတဲ့ အဆွေတော်ရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီး သင့်လျော်တဲ့အချိန်မှာ ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးသွားမှာ ဖြစ်ပါတယ်။ အဲဒီကော်မရှင်ကနေပြီး လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်စေရန်အတွက် လိုအပ်သည့်အချက်များကို ဆက်လက်စဉ်းစား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။**

အဆွေတော်တင်ပြတဲ့ ထိန်းသိမ်းခံထားရသူများအနက် အသက်ကြီးသူများ၊ ကျန်းမာရေး မကောင်းသူများကို လူသားချင်း စာနာထောက်ထားမှုအရ ပြန်လည် စေလွှတ်ပေးရန်နဲ့ မြန်မာ့အရေးဆွေးနွေးရာမှာ ပူးပေါင်းပါဝင်ဖြေရှင်းပေးနိုင်မည့် သူများကို ပြန်လွှတ်ပေးပါရန်ဆိုတဲ့ ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံတော်အစိုးရအနေနဲ့ အမြဲတမ်း အဲဒီလို စဉ်းစားသုံးသပ်ဆောင်ရွက်တဲ့ အစဉ်အလာရှိပါကြောင်း ပြောကြားလိုပါတယ်။

အခုအချိန်မှာ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက လိုလားနေတဲ့ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ်ပေါ်ပေါက်လာရေးနဲ့ ပတ်သက်ပြီး တိတိကျကျ အချိန်ဇယားနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီအချိန်ဟာ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ မြန်မာ့အရေးကို စိတ်ကောင်းစေတနာကောင်းနဲ့ ပါဝင်ကူညီဖို့ အကောင်းဆုံးအချိန်ပဲ ဖြစ်တယ်လို့ ရှုမြင်မိပါတယ်။

### အကျိုးမဲ့လုပ်ရပ်

ကျွန်တော်တို့နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများဟာ မျက်ကွယ်ပြုလို့ မရတဲ့ ပကတိအရှိတရားများဖြစ်တဲ့အတွက် မှန်ကန်တဲ့အသိနဲ့ ကြည်လင်စွာ ရှုမြင်သုံးသပ်မယ်ဆိုရင် အနာဂတ်နိုင်ငံတော်ရဲ့ ပုံရိပ်ကို ပြတ်သားထင်ရှားစွာ တွေ့မြင်နေရပြီလို့ ဆိုနိုင်ပါတယ်။ နိုင်ငံတော်ရဲ့ အရေးအရာကိစ္စများဟာ နိုင်ငံသားပြည်သူများကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းရမယ့် ပြည်တွင်းရေး ကိစ္စများသာဖြစ်ပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ လက်တွဲညီညွတ်စွာ ကိုယ်ပိုင်စွမ်းအားနဲ့ ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့ကြတဲ့အတွက် ယနေ့အချိန်မှာ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိနေခြင်းဖြစ်ပါတယ်။ ယနေ့ကာလလို အခြေအနေမျိုးမှာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းအချို့ရဲ့ အစိုးရအပေါ် ဆန့်ကျင်တိုက်ခိုက်နေမှုများဟာ အကျိုးမဲ့လုပ်ရပ်များအဖြစ်သာ ရှုမြင်မိကြောင်း ပြောကြားလိုပါတယ်။

### ပါဝင်ကူညီ

**ယခုအချိန်တွင် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ကုလသမဂ္ဂအနေဖြင့် မည်သို့ ပူးပေါင်းဆောင်ရွက်စေလိုသလဲဆိုတဲ့ အဆွေတော်ရဲ့ ဆွေးနွေးမေးမြန်းချက်နဲ့ ပတ်သက်ပြီး ကျွန်တော်ရဲ့ အထက်က ရှင်းလင်းချက်များမှာ ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ယခုထပ်လောင်းပြီး ပြောကြားသွားပါမယ်။ ယနေ့အချိန်တွင် အခြေခံဥပဒေကို ပြည်သူများက အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဤသည်မှာ ပြည်သူများ၏ လိုလားချက်ဆန္ဒဖြစ်ပါတယ်။ ဒါကြောင့် အခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ပေးမှာ ဖြစ်ပါတယ်။ အဲဒီကိစ္စမှာ ကုလသမဂ္ဂမှ ကူညီပါက ပြည်သူတို့၏ ဆန္ဒကို အကောင်အထည်ဖော်ပေးရာ ရောက်မှာဖြစ်ပါတယ်။ ဒါ့အပြင် အခြေခံဥပဒေကို အတည်ပြုပြီး ဖြစ်တဲ့အတွက် နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေ၊ ရွေးကောက်ပွဲဥပဒေများ ပေါ်ပေါက်လာမည် ဖြစ်ပါတယ်။ ထိုဥပဒေများ ပေါ်ပေါက်လာပါက အခြေခံဥပဒေကို ထောက်ခံသူများရော၊ ဆန့်ကျင်သူများပါ၊ အစိုးရကို ဆန့်ကျင်သူများရော၊ ထောက်ခံသူများပါ အားလုံးဥပဒေနှင့်အညီ ပါတီများ ထူထောင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်များ ရရှိကြမည်ဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ပြီးနောက် မိမိတို့ ကြေညာထားတဲ့အတိုင်း ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည်ဖြစ်ရာ အားလုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြမှာ ဖြစ်ပါတယ်။ အဲဒီလမ်းကြောင်းဟာ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် လက်တွေ့အကျဆုံး၊ အခြေအနေနှင့် အကိုက်ညီဆုံး၊ အန္တရာယ်အကင်းဆုံးလမ်းကြောင်းလည်း ဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနိုင်မယ့် အမှန်ဆုံးနည်းလမ်းလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီစနစ်သို့ တည်ငြိမ်အေးချမ်းစွာ၊ အောင်မြင်စွာ ကူးပြောင်းနိုင်ရေးအတွက် အဆွေတော် အပါအဝင် ကုလသမဂ္ဂအနေနဲ့ ပါဝင်ကူညီသင့်ကြောင်း ပြောကြားလိုပါတယ်။**

### လိုက်လျောညီထွေ

နိဂုံးချုပ်အနေနဲ့ ပြောရရင် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူလူထုရဲ့ ထောက်ခံမှုနဲ့ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်များကို ယခုအချိန်အထိ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သလို ဒီမိုကရေစီပန်းတိုင်ကို မရောက်ရောက်အောင်လည်း ဆက်လက်ကြိုးပမ်းချီတက်သွားမှာသာ ဖြစ်ပါတယ်။ နိုင်ငံနှင့် ပြည်သူရဲ့ ပကတိအရှိတရားနဲ့ လိုက်လျောညီထွေဖြစ်အောင်၊ ဒီမိုကရေစီဖော်ဆောင်နေမှုကို အဆွေတော်တို့အနေနဲ့လည်း အောင်မြင်သည်ထက် အောင်မြင်အောင် ဝိုင်းဝန်းကူညီပံ့ပိုးပေးနိုင်ဖို့ မျှော်လင့်မိပါတယ်။ အဆွေတော်အနေနဲ့ မြန်မာ့နိုင်ငံရေးရဲ့ နက်နဲသိမ်မွေ့မှုများကို အတိုင်းအတာတစ်ခုအထိ သိရှိနားလည်ပြီးဖြစ်တဲ့အားလျော်စွာ ယနေ့မြန်မာနိုင်ငံရဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုများအပေါ် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရင်း အကြံကောင်း ဉာဏ်ကောင်းများ ပေးနိုင်လိမ့်မယ်လို့ ယုံကြည်မိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

## Mr.Gambari ၏ ထပ်မံဆွေးနွေးချက်များ

မိမိနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်တို့၏ အဓိက ရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှုကို နိုင်ငံတကာမှ ပိုမိုလက်ခံလာစေရန် ရည်ရွယ်ရင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အလေးထားပါကြောင်း၊ သို့ရာတွင် ယခုခေတ်၌ အင်အားကြီးနိုင်ငံများသည်ပင်လျှင် သီးခြားရပ်တည် နေထိုင်၍ မရနိုင်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ အပြုသဘောဆောင်သည့် အကြံပြုချက်များကို အလေးထားစဉ်းစားရန်လည်း လိုအပ်ကြောင်း၊ စီးပွားရေး ပိတ်ဆို့မှုများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို အဟန့်အတားဖြစ်စေသည်ဆိုသည်ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရော မိမိပါလက်ခံပါကြောင်း၊ ယခုနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့၏ ဆွေးနွေးတင်ပြချက်ကိုလည်း မိမိပြန်ရောက်သည့်အခါ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံ ပြန်လည်တင်ပြမည်ဖြစ်ကြောင်း၊ ထို့ပြင် အဆွေတော် မေတ္တာရပ်ခံသည့်အတိုင်း အတိုက်အခံများက ပူးပေါင်းဆောင်ရွက်လာရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် ပတ်သက်၍ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကလည်း နိုင်ငံတကာမှ အပြုသဘောဆောင်တုံ့ပြန်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ပေးနေကြောင်း၊ မကြာခင်တွင် အဆွေတော်တို့ တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

### ပြောကြား

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကိုမထိခိုက်စေဘဲ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လိုအပ်သည်များကို စဉ်းစားဆောင်ရွက်သွားမည်ဆိုသည့်အချက်ကို ကြိုဆိုပါကြောင်း၊ Economic Forum ထူထောင်ရေးနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးနှင့် တွေ့ဆုံချိန်တွင် အောက်ခြေအဆင့် Working Level Technical Team စေလွှတ်နိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေး၌ ယနေ့ဆန့်ကျင်နေသူများသည် နောင်တွင် မဟာမိတ်ဖြစ်လာနိုင်သည်လည်းရှိကြောင်း၊ ယနေ့မြန်မာ့နိုင်ငံရေးသည် အသွင်ကူးပြောင်းရေးကာလဖြစ်ပြီး အရပ်သားအစိုးရတစ်ရပ် ပေါ်ပေါက်လာရေး ဦးတည်ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး နိုင်ငံလုံခြုံရေးကို မထိခိုက်စေနိုင်သူများ၏ ပြစ်ဒဏ်ကို ပြန်လည်သုံးသပ်ပေးစေလိုပါကြောင်း ပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင် အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် အဆွေတော်၏ ဆွေးနွေးတင်ပြချက်များအပေါ် အလေးထားစဉ်းစားမည်ဖြစ်ကြောင်း၊ အဆွေတော်နှင့် နောက်တစ်ကြိမ် ထပ်မံတွေ့ဆုံရန်လည်း စီစဉ်ထားပါကြောင်း ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသည် ညနေ ၄ နာရီခွဲတွင် ပြီးဆုံးခဲ့သည်။

**(သတင်းစဉ်)**

စမ်းချောင်း မြို့နယ် ကိုးထပ်ကြီး ဘုရားလင်း-ပြန့်-ဖြိုး-လျှံ စီမံကိန်းတော် ကြီးသို့ မရမ်းကုန်းမြို့နယ် ကိုးမိုင် ရတနာခြံ ဝိဇ္ဇာလမ်းနေ ဦးခင်မောင်ဆန်း၊ ဒေါ်မြင့်မြင့်ဇော်၊ သား ကောင်းမြတ်ဇော် (၂၇နှစ်)ပြည့် မွေးနေ့ အလှူငွေကျပ် သုံးသိန်းကို ဩဂုတ် ၁၈ ရက်က လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသန်း၊ ဦးဘုန်းမြင့်နှင့် ဦးအောင်သိန်းတို့က လက်ခံယူစဉ်။ (၁၀၃)

# ဖျာပုံမြို့၌ စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပြီးစီးမှု ဟိုတယ်/ခရီးဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဩဂုတ် ၁၉ရက်က ဖျာပုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မုန်တိုင်းကြောင့် ပြိုကျပျက်စီးသွားသော စာသင်ဆောင်နေရာတွင် ယုဇနဆောက်လုပ်ရေးကုမ္ပဏီက အသစ်ဆောက်လုပ်ထားသည့် ပေ၆၀×ပေ၃၀ စာသင်ဆောင်နှင့် ၇၅ပေ×ပေ၃၀ မိုးလုံလေလုံ အားကစားခန်းမတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း၌ ဒဂုန်အင်တာနေရှင်နယ် ဆောက်လုပ်ရေးကုမ္ပဏီက ပေ၉၀×ပေ၃၀ နှစ်ထပ်စာသင်ဆောင် တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

## ဆောက်လုပ်ပြီးစီး

အလားတူမုန်တိုင်းကြောင့် ပြိုကျသွားသည့် ဖျာပုံမြို့ပေါ်ရှိ အမက(၂)၊ အမက(၃)၊ အမက(၅)၊ အမက(၁၄)၊ အမက(၁၅)၊ အမက(၁၆) ကျောင်းများမှာ အသစ်ဆောက်လုပ်ပြီးစီးပြီဖြစ်၍ ကျောင်းသားကျောင်းသူများ ပညာသင်ကြားလျက်ရှိပြီး ဖျာပုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပြုပြင်ပြီးကျောင်း ၁၀၃ကျောင်း၊ ပြုပြင်ဆဲကျောင်း ၃၀ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ် (၂၅) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၆ရက်က ကျင်းပရာ ပထမတန်းတွင် ပထမဆုရရှိသော မမြတ်နိုးဆုခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဝင်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

## သင့်သွေးဖြင့် အသက်ကယ်ပါ

ဩဂုတ် ၂၀ရက်က ရန်ကုန်တောင်ပိုင်းခရိုင် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဦး ဦးဆောင်၍ မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ၊ ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ မရမ်းကျေးရွာ၊ ကရင်ချောင်းကျေးရွာ၊ ကံလျားရှည်ကျေးရွာနှင့် တော်ကူးကျေးရွာများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးစဉ်။ (ခရိုင်/လဝက)

# ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ကြီးမှူး ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ ဒီဂျစ်တယ်ပိုစတာ၊ ဓာတ်ပုံနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပမည့် စတုတ္ထအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မြှင့်တင်ရေး အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကို ၂၀၀၈ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။**

အဆိုပါပြပွဲ၊ ပြိုင်ပွဲတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အလွတ်တန်းဆောင်းပါး၊ ဝတ္ထုတို၊ ကာတွန်း၊ ပိုစတာ၊ ဒီဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲအတွက် ဦးတည်ချက်များအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဦးတည်ရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးဦးတည်ရန်၊ ယာဉ်စည်းကမ်းကို ယာဉ်မောင်းအပြင် ခြေကျင်သွားသူများကိုပါလိုက်နာစေရေးဦးတည်ရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဦးတည်ရန်တို့ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် **''ယာဉ်အန္တရာယ်ကင်းစေဖို့ လူတိုင်းကိုယ်စီပူးပေါင်းစို့''**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝတ္ထုတိုပြိုင်ပွဲအတွက်**''စံပြယာဉ်မောင်း၊ ပြည်သူ့သားကောင်း''**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကာတွန်းပြိုင်ပွဲအတွက် **''အန္တရာယ်ကင်းစင် ကျောင်းဝန်းကျင်''**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပိုစတာပြိုင်ပွဲအတွက် **''လူ-လမ်း-ယာဉ်၊ စည်းကမ်းယှဉ် ကင်းစင်လမ်းအန္တရာယ်''**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒီဂျစ်တယ်ပိုစတာပြိုင်ပွဲအတွက်**''စည်းကမ်းကျနလိုရာရောက်၊ စည်းကမ်းဖောက်က ဘဝပျောက်''**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဓာတ်ပုံပြိုင်ပွဲအတွက် **''အန္တရာယ်ကင်းသည့် ပို့ဆောင်ရေးဆီသို့''** ခေါင်းစဉ်ဖြင့်လည်းကောင်း ရေးသားနိုင်သည်။

## ကာတွန်းနှင့် ပိုစတာပြိုင်ပွဲ

ကာတွန်းနှင့် ပိုစတာပြိုင်ပွဲအတွက်ပုံများကို ၁၅လက်မ ×လက်မ ၂၀ အရွယ်အစား နှစ်သက်ရာစက္ကူ၊ ဆေးရေးနည်းတို့ဖြင့် အကန့်အသတ်မရှိ ထုတ်ဖော်ရေးဆွဲနိုင်ပြီး ရေးဆွဲသူ၏လက်မှတ်ကို ပြိုင်ပွဲဝင်ပုံ၏နောက်ကျောတွင် ရေးထိုးရမည်။ ပုံ၏အောက်ခြေတွင် လက်မှတ်ရေးထိုးခြင်းမပြုရ။ ဒီဂျစ်တယ်ပိုစတာပြိုင်ပွဲအတွက် သင့်လျော်သည့် ကွန်ပျူတာဖြင့်ရေးဆွဲ၍ ပိုစတာပန်းချီများကို Floopy Disc (သို့မဟုတ်) Compact Disc (CD-Rom) တို့ဖြင့် သိမ်းဆည်း၍ လိုအပ်သောအချက်အလက်များပြည့်စုံစွာဖြင့်ပေးပို့ရမည်ဖြစ်သည်။

## ဓာတ်ပုံပြိုင်ပွဲ

ဓာတ်ပုံပြိုင်ပွဲအတွက်ပုံများကို အစက်အပြောက်ဖာထေးခြင်းမှအပ အခြားပြုပြင်ခြင်း၊ ဖန်တီးခြင်း၊ ဒီဂျစ်တယ်နည်းဖြင့် ပြုပြင်ခြင်းများမပြုလုပ်ရ။ ပုံနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက သက်ဆိုင်ရာပြိုင်ပွဲဝင်သူ၏ တာဝန်သာဖြစ်သည်။ မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးတင်သွင်းနိုင်သည်။ သို့သော် ဒီဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးပါက အရောင်နှင့် Contrast ပြုပြင်ခြင်းမှအပ မည်သည့်ပြုပြင်မှုမျိုးမှ မပြုလုပ်ရ။ ဆုရလျှင် Original File Info တင်ပြနိုင်ရမည်။ ပြိုင်ပွဲဝင်ပုံများကို ပြန်ပေးမည်မဟုတ်ဘဲ ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းကိစ္စများတွင် အသုံးပြုမည်ဖြစ်သည်။

ထိုသို့ အသုံးပြုရာတွင် သက်ဆိုင်ရာဓာတ်ပုံဆရာ၏အမည်ကို ဖော်ပြပေးမည်ဖြစ်သည်။ ဆုရရှိသူများကို သတင်းစာမှတစ်ဆင့် ကြော်ငြာပေးမည်ဖြစ်ပြီး ခုနစ်ရက်အတွင်း ဆုရရှိသူများ၏ နဂ္ဂတစ် (သို့မဟုတ်) ဆလိုက် (သို့မဟုတ်) ဒီဂျစ်တယ်ကင်မရာဖြင့် ရိုက်ကူးထားသောပုံဖြစ်ပါက Resolution 30 dpi နှင့် ၈လက်မ×၁၀လက်မ အရွယ်ရှိသော Original Tiff File ကို CD ဖြင့် ထည့်သွင်းပေးပို့ရမည်ဖြစ်သည်။ သတ်မှတ်ရက်အတွင်း ပေးပို့ခြင်းမရှိသောပုံများကို ဆုရစာရင်းမှ ပယ်ဖျက်၍ အောက်မှပုံများကို အစဉ်အတိုင်း အစားထိုးမည်ဖြစ်သည်။ အဆိုပါဆုရပုံများကို ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက မူပိုင်အဖြစ် လိုအပ်သလိုအသုံးပြုမည်ဖြစ်သည်။ ယခင်ပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံများကို တင်သွင်းယှဉ်ပြိုင်ခြင်းမပြုရ။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ× ၁၄ လက်မ (ဆေးရောင်စုံဓာတ်ပုံ)ဖြစ်သည်။

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ

ယခုနှစ်တွင်လည်း ရန်ကုန်တိုင်းအတွင်းရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကိုပါ ကျင်းပသွားမည်ဖြစ်သည်။ ခရိုင်အဆင့် ပြိုင်ပွဲကို စက်တင်ဘာလ ပထမပတ်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ကျောင်းများတွင် ထုတ်ပေးထားသော **''စည်းကမ်းလိုက်နာ ဘေးကင်းကွာ''** ရုပ်ပြစာအုပ်နှင့် နေ့စဉ်ထုတ်သတင်းစာများမှ ထုတ်ပြန်ခဲ့သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးများနှင့် ကြော်ငြာချက်များအား မေးမြန်းမည်ဖြစ်သည်။ ဗဟိုအဆင့်ပြိုင်ပွဲအား စက်တင်ဘာလ ဒုတိယပတ်တွင် အပြီးယှဉ်ပြိုင်မည်ဖြစ်သည်။

## စာစီစာကုံးပြိုင်ပွဲ

စာစီစာကုံးပြိုင်ပွဲကို အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ အထက်တန်းကျောင်းသား ကျောင်းသူများဖြင့်သာ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ခေါင်းစဉ်များကို ကြိုတင်သတ်မှတ်ထားခြင်းမရှိဘဲ ပြိုင်ပွဲကျင်းပမှသာ သတ်မှတ်ပေးမည်ဖြစ်သည်။ ယှဉ်ပြိုင်ခြင်း၊ ရွေးချယ်ခြင်းတို့ကို အမှတ်(၃)အခြေခံပညာဦးစီးဌာနမှသာ ဆောင်ရွက်ပြီး ပထမ၊ ဒုတိယ၊ တတိယရရှိသူ သုံးဦးနှင့် နှစ်သိမ့်ဆုရရှိသူနှစ်ဦး၏ အမည်စာရင်းအား ဆုချီးမြှင့်ရေးဆပ်ကော်မတီသို့ အောက်တိုဘာလ ဒုတိယပတ်အတွင်း ပေးပို့ရန်ဖြစ်သည်။

စာမူများကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ ရှင်းလင်းပီသသည့် လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေ သတ်မှတ်ချက်မှာ ၅၀၀၀မှ ၁၀၀၀၀အတွင်းဖြစ်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ဝတ္ထုတိုတစ်ပုဒ်နှင့် ဆောင်းပါးတစ်ပုဒ် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲအားလုံးအတွက် ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ အမည်စာရင်း၊ ကလောင်အမည်၊ မိဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖော်ပြပြီး ပင်ကိုရေးဖြစ်ကြောင်းနှင့် ပုံနှိပ်ဖော်ပြခြင်းမရှိခဲ့ဖူးကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။

## ပေးပို့ရန်

ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကာတွန်းနှင့် ပိုစတာများကို ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး ၅၁လမ်း ပုဇွန်တောင်မြို့နယ် ဖုန်း-၂၉၈၆၅၁ သို့လည်းကောင်း၊ ပြိုင်ပွဲဝင်ဒီဂျစ်တယ်ပိုစတာပုံများကို ဦးတင်ဝင်း ကွန်ပျူတာ တက္ကသိုလ်(လှိုင်နယ်မြေ) ဖုန်း-၆၆၄၂၅၄၊ ၆၁၀၆၂၂(လိုင်းခွဲ-၂၀၆)သို့လည်းကောင်း၊ ဓာတ်ပုံများကို မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ်(၂၇/၂၉) ၃၅လမ်းအောက် ပထမထပ် ကျောက်တံတားမြို့နယ် ဖုန်း-၃၇၃၁၆၇တို့သို့လည်းကောင်း ပေးပို့ရမည်ဖြစ်သည်။

## ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မည်

ပြိုင်ပွဲဝင်ဓာတ်ပုံများ၊ ပိုစတာများ၊ ကာတွန်းများအားလုံးနှင့် စာမူများကို **၂၀၀၈ခုနှစ် အောက်တိုဘာလ ၁၀ရက် ညနေ၃နာရီ**နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်သည့်စာမူနှင့်ပုံများကို ရွေးချယ်ခံရသည်ဖြစ်စေ၊ ရွေးချယ်မခံရသည်ဖြစ်စေ ပြန်လည်ပေးပို့မည်မဟုတ်ကြောင်းနှင့် ဆုရရှိသူများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီး ဦးညဝဏ်ဝင်းအား ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Tej Bunnag ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Bansarn Bunnag နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်ဇနီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဩဂုတ် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့က ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Tej Bunnag နှင့်ဇနီး Madam Phensri Bunnag တို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

**ဖူးမြော်ကြည်ညို**

ညပိုင်းတွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Tej Bunnag နှင့်ဇနီးတို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

**(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

# ဒီမိုကရက်တစ်သမ္မတလောင်းအိုဘားမားက ဒုတိယသမ္မတလောင်းအဖြစ် မစ္စတာဂျိုဘိုဒင်အား ရွေးချယ်

ဝါရှင်တန် ဩဂုတ် ၂၃

အမေရိကန် ဒီမိုကရက်တစ်သမ္မတလောင်း ဘာရက်အိုဘားမားက လာမည့် နိုဝင်ဘာလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ သူ၏တွဲဖက် ဒုတိယသမ္မတလောင်းအဖြစ် ဂျိုဘိုဒင်အား ရွေးချယ်ထားကြောင်း ဩဂုတ် ၂၃ရက်က ထုတ်ဖော်ပြောကြားလိုက်သည်။

**အတွေ့အကြုံရင့်ကျက်**

မစ္စတာဂျိုဘိုဒင်သည် အသက် ၆၅နှစ် အရွယ်ရှိသူဖြစ်ပြီး နိုင်ငံခြားရေးနှင့် ပတ်သက်၍ အတွေ့အကြုံရင့်ကျက်သူတစ်ဦးဖြစ်သည်။

**ရွေးချယ်**

ထို့အတူ ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းကလည်း သူ၏ဒုတိယ သမ္မတလောင်းကို လာမည့်သီတင်းပတ်၌ ရွေးချယ်မည်ဖြစ်သည်။

မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း မြန်မာ့အလင်း

# လီဗာပူးတို့ရှုံးနေရာမှ နိုင်ပွဲပြန်ရခဲ့ အာဆင်နယ်တို့ အဝေးကွင်း၌ ရှုံးပွဲကြုံ

လန်ဒန် ဩဂုတ် ၂၃

ပရီမီယာလိဂ်ပွဲစဉ်(၂)ကို ဩဂုတ်၂၃ရက်၌ ဆက်လက်ကျင်းပရာ လီဗာပူးက မစ်ဒယ်ဘရော့ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး စပါးတို့က အိမ်ကွင်း၌ ဧည့်သည် ဆန်းဒါးလန်းအား အရှုံးပေးခဲ့ရပြီး သုံးမှတ်ဆုံးရှုံးခဲ့ရပြန်ပြီဖြစ်သည်။

**လီဗာပူးနှင့် မစ်ဒယ်ဘရော့**

ယခုနှစ်၌ မန်ယူလက်မှ ပရီမီယာလိဂ်ဖလားရယူရေး ရည်မှန်းချက်ထားနေသည့် လီဗာပူးတို့ ပွဲတိုင်းရလဒ်ကောင်းအောင် ကြိုးစားနေရာ ယခုပွဲ၌ ဒရက်ကွတ်၊ တောရက်စ်နှင့် ရော်ဘီကိန်းတို့အား တိုက်စစ်တင်ထားခဲ့သည်။ ကွင်းလယ်တွင် ဘီနာယောင်၊ အလွန်ဆိုနှင့် ဂျရတ်တို့ကို အပြည့်ထုတ်သုံးခဲ့သဖြင့် မစ်ဒယ်ဘရော့ကို အိမ်ကွင်း၌ ဖိကစားနိုင်ခဲ့သည်။

လီဗာပူးတို့ မစ်ဒယ်ဘရော့ဘက်သို့ အကြိမ်ကြိမ်ထိုးဖောက် ကစားနိုင်ခဲ့ပြီး ကန်သွင်းခွင့် အကြိမ်၂၀ရရှိခဲ့ရာမှ အပိုင်ကန်သွင်းမှု ခြောက်ကြိမ်ရရှိခဲ့သော်လည်း တောရက်စ်နှင့် ဒရက်ကွတ်တို့ ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ နှစ်ဖက်စလုံး ပထမပိုင်း၌ ဂိုးမသွင်းနိုင်ဘဲ ရှိခဲ့ရာ ဒုတိယပိုင်း မိနစ်၆၀၌ မစ်ဒယ်ဘရော့ တိုက်စစ်မှူး အဲဗတ်အစား မီဒိုအား ထည့်သွင်းကစားခဲ့ရာ မိနစ်၇၀တွင် လီဗာပူး ဂိုးဧရိယာအပြင်ဘက်မှနေပြီး မီဒိုကဘယ်ခြေဖြင့် လီဗာပူးဂိုးညာထောင့်အတွင်း ကန်သွင်းယူခဲ့သဖြင့် ဂိုးစတင်ရရှိသွားသည်။

**ချေပဂိုး သွင်းပြီး အောင်ပွဲခံ**

လီဗာပူး အတွက် ချေပဂိုး သွင်းယူခဲ့သည့် ကာရေဂါ ဤသို့ အောင်ပွဲခံခဲ့သည်။

လီဗာပူးတို့ အိမ်ကွင်း၌ ချေပဂိုးရရှိရေး ဖိကစားရာ ၈၅မိနစ်ရောက်မှသာ လီဗာပူးနောက်ခံလူ ကာရေဂါက ချေပဂိုးသွင်းယူပေးခဲ့ပြီး ဒုတိယအနိုင်ဂိုးကို လေလွင့်ချိန် ၉၀အလွန်၌ လီဗာပူးကွင်းလယ်ကစားသမား ဂျရတ်က မစ်ဒယ်ဘရော့ ဂိုးဧရိယာ အပြင်ဘက်မှ ညာခြေဖြင့် မနားတမ်းကန်သွင်းယူခဲ့သဖြင့် အနိုင်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

**ဖူလ်ဟမ်နှင့် အာဆင်နယ်**

အဝေးကွင်း၌ အာဆင်နယ်တို့ ပထမဆုံး ရှုံးပွဲကြုံတွေ့လိုက်ရပြီဖြစ်သည်။ ဗန်ပါစီနှင့် အဒီဘာယောတို့တိုက်စစ်အတွဲက ဖူလ်ဟမ်နောက်တန်းကို ထိထိရောက်ရောက် ထိုးဖောက်နိုင်ခဲ့သော်လည်း အပိုင်ကန်သွင်းမှုများ လွဲချော်ခဲ့ရသည်။

ဇာမိုရာဦးဆောင်သော ဖူလ်ဟမ်တိုက်စစ်မှူးများက အိမ်ကွင်းတွင် မာမာ တင်းတင်း တုံ့ပြန်ကစားခဲ့ရာ ၂၁မိနစ်၌ ဖူလ်ဟမ်နောက်တန်းလူ ဟန်ဂါလန်းက အနီးကပ်ကန်သွင်းယူခဲ့သဖြင့် ယင်းဂိုးကို ပြန်လည်မချေပနိုင်ဘဲ အာဆင်နယ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

**စပါးနှင့် ဆန်းဒါးလန်း**

စပါးတို့အိမ်ကွင်း၌ ရှုံးပွဲကြုံခဲ့ရသည်။ အဝေးကွင်း၌ မူရာဖီ၊ ဒီအော့ဖ်တို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာသော ဆန်းဒါးလန်းတို့ စပါးကိုခြေရည်တူ ကစားနိုင်ပြီး အဖွင့်ဂိုးပါ သွင်းယူနိုင်ခဲ့သည်။ ဆန်းဒါးလန်းအတွက် အဖွင့်ဂိုးကို ၅၅မိနစ်တွင် ကွင်းလယ်ကစားသမား ရစ်ချတ်ဆင်က စပါးဂိုးဧရိယာအစပ်မှ ညာခြေဖြင့် ကန်သွင်း ယူခဲ့ခြင်းဖြစ်သည်။ သို့သော် စပါးကွင်းလယ်ကစားသမား ဂျာမိန်းဂျီနက်စ်က ၇၃မိနစ် ၌ ဆန်းဒါးလန်းဂိုးဧရိယာအတွင်းမှ ဘယ်ခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိသွားခဲ့သည်။ ဆန်းဒါးလန်းတို့ က အနိုင်ဂိုးသွင်းယူနိုင်ရေး ထိုးဖောက် ကစားခဲ့ရာ ရစ်ချတ်ဆင်အစား ဝင်ကစားသည့် ဆစ်စီက ၈၂မိနစ်၌ ခေါင်းတိုက် သွင်းခဲ့သဖြင့် ဆန်းဒါးလန်းတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဆန်းဒါးလန်းမှ ကွင်းလယ်ကစားသမား ဆစ်စီ(လယ်)ဤသို့ ခေါင်းတိုက်၍ အနိုင်ဂိုးသွင်းယူခဲ့သည်။

## အခြားပွဲရလဒ်များ

| | | |
|---|---|---|
| ဘလက်ဘန်း | ၁ - ၁ | ဟူးလ် |
| နယူးကာဆယ် | ၁ - ၀ | ဘော်လ်တန် |
| စတုတ် | ၃ - ၂ | ဗီလာ |
| ဝက်စ်ဘရွန်း | ၁ - ၂ | အဲဗာတန် |

(အင်တာနက်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

# ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားအသင့်အတင့်ရှိ

ရန်ကုန် ဩဂုတ် ၂၃

**ဩဂုတ် ၂၂ရက်က ကမ္ဘာ့နိုင်ငံများ၏ရာသီဥတုဖြစ်စဉ်ကိုဆန်းစစ်ကြည့်ပါလျှင် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ် ပြည်နယ်တွင် မိုးသည်းထန်စွာအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်ခြင်း၊ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အရှေ့ဘက်ကမ်းရိုးတန်း၌ မုန်တိုင်းတိုက်ခတ်၍ နေအိမ်များပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။**

ဩဂုတ် ၂၃ရက်က မြန်မာနိုင်ငံ၏ရာသီဥတုဖြစ်စဉ်ကို ဆန်းစစ်ကြည့်ပါလျှင် စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျားမိုးရွာသွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲမိုးရွာသွန်းသည်။ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာစိပ်စိပ်မိုးရွာသွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မကွေးတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ပဲခူးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာသွန်းခဲ့သည်။

**နေရာစိပ်စိပ်**

ဩဂုတ်၂၄ရက်**(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ရာသီဥတုဖြစ်စဉ်ကိုခန့်မှန်းရပါက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲမိုးရွာသွန်း နိုင်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ် ၂၄ရက်**(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် နေရာ ကွက်ကျား မိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မုတ်သုံ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့် အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်သည်။

ဩဂုတ် ၂၃ ရက်က ရွာသွန်းခဲ့သောမိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ် သည်-

| | |
|---|---|
| ဓောင်းတူ | ၅ ဒသမ ၅၁ လက်မ |
| ကိုကိုးကျွန်း | ၂ ဒသမ ၁၆ လက်မ |
| သံတွဲ | ၁ ဒသမ ၈၉ လက်မ |
| မြိတ် | ၁ ဒသမ ၇၇ လက်မ |
| ပူတာအို | ၁ ဒသမ ၇၃ လက်မ |
| မချမ်းဘော | ၁ ဒသမ ၆၅ လက်မ |

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

# အသိစိတ်ကို သတိနှင့်ထိန်းချုပ်ပြီး စိတ်အေးချမ်းသာမှုရစေချင် ဘာသာရေးအသိ၊ စိတ်ပိုင်းဆိုင်ရာခံယူမှုကို “အမှိုက်ထဲကရွှေ” ဖြင့် ပမာပြု

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

ရန်ကုန် ဩဂုတ် ၂၃

စိတ်ပိုင်းဆိုင်ရာ အသိတရားများ တိုးပွားသိရှိနိုင်ရေးနှင့် ပတ်သက်ပြီး ရုပ်ရှင်အနုပညာရှင် ဦးကျော်ဟိန်းက **‘အမှိုက်ထဲကရွှေ’** အမည်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ဩဂုတ် ၂၃ရက် မွန်းလွဲ၂နာရီက ကျင်းပခဲ့သည်။

## စိတ်အေးချမ်းမှု

“ကျွန်တော်သိထားတဲ့ အသိတွေကို ပရိသတ်တွေသိရှိအောင် ဆွေးနွေးတဲ့သဘောပါ။ နောက်ပြီး ကျွန်တော့်မှာ အသိစိတ်ကို သတိနဲ့ ထိန်းချုပ်နိုင်တာကြောင့် စိတ်အေးချမ်းမှုကို ရရှိနေသလို ပရိသတ်တွေလည်း ရရှိစေချင်လို့ပါ”ဟု ရှင်းပြသည်။

## ပစ္စုပ္ပန်

ယခုကဲ့သို့ စိတ်မျိုးရရှိရန် ပြင်ဆင်လေ့ကျင့်ခဲ့မှုများနှင့် ပတ်သက်၍လည်း “ကျွန်တော်ဒီလိုဖြစ်အောင် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀လောက်ကတည်းက ပြင်ဆင်လာခဲ့တာပါ၊ အဲဒီကစပြီး အသိဉာဏ်တွေ တဖြည်းဖြည်းရလာပြီး ကိုယ့်စိတ်ကို ကိုယ်ထားတတ်သွားတယ်။ ကျွန်တော့်အနေနဲ့ ပစ္စုပ္ပန်တည့်တည့်မှာပဲ စိတ်ထားပါတယ်”ဟုလည်း ဦးကျော်ဟိန်းက ဆက်လက်ရှင်းပြသည်။

## ဘဝအတွေ့အကြုံ

ထို့နောက် ဆွေးနွေးပွဲတွင်လည်း သူ့ဘဝအစ၌ ဖြတ်သန်းခဲ့ရသည့် အရွယ်အလိုက် အသိရရှိခဲ့မှုနှင့် စိတ်ပိုင်းဆိုင်ရာ ခံစားမှု အတွေ့အကြုံများ၊ ဘာသာရေးနှင့် ပတ်သက်သောအသိတရားများကို နားလည်တတ်ကျွမ်းသော ဆရာတော်များထံလေ့လာမေးမြန်းခဲ့မှုများကိုလည်း ဘဝအတွေ့အကြုံများနှင့် နှိုင်းယှဉ်ဆွေးနွေးခဲ့သည်။

**“ကျွန်တော် ဒီလိုဖြစ်အောင် လွန်ခဲ့တဲ့ နှစ်ပေါင်း၂၀လောက်ကတည်းက ပြင်ဆင်လာခဲ့တာပါ”** ဦးကျော်ဟိန်း
ရုပ်ရှင်အနုပညာရှင်

**မိမိအနေဖြင့် အကျင့်ဆိုသည်မှာ လူ့ဘဝ၌သာ ရရှိနိုင်သည်ကို သိရှိခဲ့ရ၊ မိမိစိတ်ကိုမိမိ ပြင်ဆင်ခဲ့၊ ပရိသတ်များအနေဖြင့် စိတ်ထားတတ်ရန် မေတ္တာရပ်ခံလို၊ ထိုသို့စိတ်ထားတတ်နိုင်ခဲ့မှုကြောင့် ယခုအခါ မိမိစိတ်ထဲ၌ ဘာမျှမရှိ။**

## ဆွေးနွေး

ထို့အပြင် **မိမိအနေဖြင့် အကျင့်ဆိုသည်မှာ လူ့ဘဝ၌သာရရှိနိုင်သည်ကို သိရှိခဲ့ရကြောင်း၊ ထို့ကြောင့် မိမိစိတ်ကို မိမိပြင်ဆင်ခဲ့ကြောင်း ပရိသတ်များ အနေဖြင့် စိတ်ထားတတ်ရန် မေတ္တာရပ်ခံလိုကြောင်း၊ ထိုသို့ စိတ်ထားတတ်နိုင်ခဲ့မှုကြောင့် ယခုအခါ မိမိစိတ်ထဲ၌ ဘာမျှမရှိကြောင်း**ဖြင့်လည်း ဆွေးနွေးပြောကြားသွားသည်။

ထို့နောက် ပရိသတ်များ၏ ဆွေးနွေးမေးမြန်းချက်များကို ဖြေကြားရာတွင် မိမိအနေဖြင့် လာမည့် နိုဝင်ဘာ၄ရက်၌ ရဟန်းဝတ်ပြီးနောက် ကြိုတင်သတ်မှတ်ထားမှုများ မရှိကြောင်း၊ မြန်မာတစ်နိုင်ငံလုံးသို့ သွားရောက်ကာ မိမိသိရှိသည့် စိတ်ထားတတ်မှုများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**‘အမှိုက်ထဲကရွှေ’** ဆိုသည်မှာလည်း မိမိသည် ဘာမျှမဟုတ်ကြောင်း၊ ထိုသို့ ဘာမျှမဟုတ်သော မိမိတွင် စိတ်ထားတတ်မှု ရှိနေသည်ကို ဥပမာ ပေးထားခြင်းမျှသာဖြစ်ကြောင်း ဆွေးနွေးသွားခဲ့ပါသည်။ ။ **(မြန်မာ့အလင်း)**

**သူတို့ ဤသို့ ဖွင့်ဟ ပြောကြားကြသည်**

# စွမ်းအင်ပြဿနာ ဘာလဲဆိုတာ လူတိုင်းသိစေချင်တာပါ

စွမ်းအင်သတင်း-မိုးမြင့်လင်းလက်၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၃

ကမ္ဘာပေါ်တွင် နိုင်ငံတိုင်း ကြုံတွေ့ရင်ဆိုင်နေရသည့် စွမ်းအင်ဆိုင်ရာ အခက်အခဲပြဿနာများ ထိုအခက်အခဲပြဿနာများကို မည်သို့ရင်ဆိုင်ရမည်၊ မည်သို့ ဖြေရှင်းသင့်သည်များနှင့် ပတ်သက်ပြီး ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်များအသင်း ဆွေးနွေးပွဲခန်းမ၌ ဩဂုတ်၂၃ရက် နံနက်၉နာရီက ကျင်းပခဲ့သည်။

## ဖြေကြား

ထိုဆွေးနွေးပွဲ၌ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ရင်ဆိုင်ကြုံတွေ့နေရသော စွမ်းအင်ပြဿနာများနှင့် ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်(၁)ရန်ကုန် အဏုဇီဝဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာကြည်ကြည်သင်းက ပြောကြားရာတွင် **“ကျွန်မတို့က အဏုဇီဝဌာနက ပါမောက္ခ ဆရာဝန်တွေဆိုပေမယ့် ပြည်သူတွေအနေနဲ့ တစ်ကမ္ဘာလုံးမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ စွမ်းအင်ဆိုင်ရာ ပြဿနာတွေ၊ သဘာဝပတ်ဝန်းကျင် အနေအထားတွေကို ဆရာဝန်တွေသာမက ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေချင်လို့ပါပဲ။ စွမ်းအင်ပြဿနာဆိုတာဘာလဲ၊ ဘယ်လိုကြောင့် ဖြစ်လာရတာလဲ၊ ဘယ်လိုထိန်းသိမ်းကာကွယ်ကြမလဲ··· အားလုံးမှာ တာဝန်ရှိပါတယ်··· ဒါတွေကို သိစေချင်လို့ပါ”**ဟု ပါမောက္ခဌာနမှူးဒေါက်တာ ကြည်ကြည်သင်းက ပြောကြားသည်။

ပြည်သူများအနေဖြင့် စွမ်းအင်နှင့် ပတ်သက်ပြီး သိရှိရန်၊ ဗဟုသုတရှိရန် များစွာလိုအပ်လျက်ရှိရာ ယခုကဲ့သို့ ဆွေးနွေးဟောပြောပွဲများမှာ ပြည်သူများအတွက် များစွာ အကျိုးရှိလေသည်။

## ညလုံးပေါက်

ကမ္ဘာပေါ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထွက်ရှိမှုနည်းပါးလာကြောင်း၊ ထိုသို့နည်းပါးလာခြင်းမှာ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးလာမှုများကြောင့် စွမ်းအင်ထုတ်လုပ်မှု တဖြည်းဖြည်းလျော့နည်းလာကြောင်း၊ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးမှုမှာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုကြောင့်လည်း ပါဝင်ကြောင်း၊ ထို့အပြင် ယနေ့ကမ္ဘာ့နိုင်ငံများတွင် စွမ်းအင်သုံးစွဲမှုများပြားလာသည့်အပြင် အလွန်အကျွံသုံးစွဲမှုများလည်း ရှိလာကြောင်း၊ ဥပမာ-တချို့ကမ္ဘာကျော်မြို့တော်ကြီးများတွင် ညလုံးပေါက် လျှပ်စစ်မီးများ ထိန်ထိန်လင်းအောင် ထွန်းထားတက်ကြသည်ကို တွေ့ရကြောင်း” ပါမောက္ခ ဌာနမှူးဒေါက်တာကြည်ကြည်သင်းက ပြောကြားသည်။

မှန်ပါသည်။ကမ္ဘာ့မြို့တော်ကြီးများတွင် ညလုံးပေါက် လျှပ်စစ်မီးများထွန်းထားသည်မှာလည်း စွမ်းအင်ကို အလွန်အကျွံသုံးစွဲခြင်းပင်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာ၌ စွမ်းအင်သုံးစွဲမှုများပြားခြင်းသည် တစ်ဖက်က ထုတ်လုပ်မှုနှင့် မညီမမျှ ဖြစ်လာသည့်အခါ သုံးစွဲမှု၌ အခက်အခဲ ဖြစ်လာသည်။

တစ်ဖန် “စက်သုံးဆီတင်ပို့မှုအပိုင်းကို ကြည့်ရင်လည်း အချို့ဒေသတွေမှာ အအေးလွန်ကဲမှုတွေဖြစ်ပေါ်ပြီး စက်သုံးဆီတွေခဲကာ တင်ပို့ရေးအခက်အခဲဖြစ်နေကြောင်း၊ အချို့ဒေသများမှာ ပိုက်လိုင်းတွေ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် ပျက်စီးပြီး မတင်ပို့နိုင်ကြောင်း၊ သို့သော်လည်း အချို့ဒေသမှာတော့ စစ်မက်ဖြစ်ပွားမှုတွေကြောင့် ထုတ်လုပ်မှုနဲ့ တင်ပို့မှုတွေနှောင့်နှေးနေတဲ့အပြင် အချိန်ကာလတစ်ခုအထိ ရပ်ဆိုင်းနေတတ်ကြောင်း”ဟု ၎င်းက ဆွေးနွေးသည်။

နိုင်ငံရေး၊ စစ်ရေးနှင့် သဘာဝဘေးအန္တရာယ်များအပြင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် စက်သုံးဆီများ တစ်နေရာနှင့်တစ်နေရာ တင်ပို့ဖြန့်ဖြူးမှုခက်ခဲကာ ထိုမှတစ်ဆင့် ဈေးနှုန်းများတက်လာခြင်းပင်ဖြစ်သည်။

“ကမ္ဘာ့စက်သုံးဆီဈေးနှုန်းကိုကြည့်ရင် ၂၀၀၃ ခုနှစ်ကစပြီး မြင့်တက်ခဲ့ကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ အီရတ်စစ်ပွဲကြောင့်လည်း ပါဝင်ကြောင်း၊ ဒါ့အပြင် ကမ္ဘာ့ပင်လယ် ရေမျက်နှာပြင် နိမ့်ကျလာသည့်အတွက် ရေအားလျှပ်စစ်ထုတ်လုပ်မှုအပိုင်းလည်း လျော့ကျလာကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများစုမှာ စက်သုံးဆီပြတ်တောက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း၊ နောက်ပြီး ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်) ကလည်း ပုံမှန်ရေနံထုတ်လုပ်မှုကို လျှော့ချလိုက်တဲ့အတွက် စက်သုံးဆီဈေးနှုန်းတွေ မြင့်တက်လာခြင်းဖြစ်ကြောင်း” ပါမောက္ခဌာနမှူး ဒေါက်တာကြည်ကြည်သင်းက ဆက်လက်ဆွေးနွေးသည်။

**အားလုံးမှာ တာဝန်ရှိ**

**“စွမ်းအင်ပြဿနာ ဆိုတာ ဘာလဲ၊ ဘယ်လိုကြောင့် ဖြစ်လာရတာလဲ၊ ဘယ်လို ထိန်းသိမ်းကာကွယ်ကြမလဲ၊ အားလုံးမှာ တာဝန်ရှိပါတယ်”**
ဒေါက်တာကြည်ကြည်သင်း
ပါမောက္ခဌာနမှူး
အဏုဇီဝဌာန
ဆေးတက္ကသိုလ်(၁)ရန်ကုန်

## ဆွေးနွေး

ထို့အပြင် “စွမ်းအင်လုံခြုံမှုအတွက် နိုင်ငံတကာ စွမ်းအင်အေဂျင်စီ (အိုင်အီးအေ) အနေနဲ့ ကမ္ဘာလုံးနှင့် လက်တွဲပြီး လုပ်ဆောင်သင့်ကြောင်း၊ **အစားထိုးစွမ်းအင်များအဖြစ် နေ၊ လေ၊ ရေစတဲ့ သဘာဝစွမ်းအင်တွေကို ရယူသုံးနိုင်ရန်ကြိုးစားနေကြကြောင်း၊ အဲဒီသဘာဝစွမ်းအင်တွေကို နိုင်နိုင်နင်းနင်း ရယူသုံးစွဲနိုင်ကြလျှင် သဘာဝပတ်ဝန်းကျင် ပျက်စီးထိခိုက်မှု လျော့နည်းပြီး စက်သုံးဆီဈေးနှုန်းလည်း အထိုက်အလျောက် လျော့နည်းလာနိုင်ကြောင်း၊ ဘယ်လိုစွမ်းအင်ကိုပဲသုံးသုံး သဘာဝပတ်ဝန်းကျင် မထိခိုက်ရန် လိုအပ်ကြောင်း၊** ဒါ့အပြင် ဇီဝစွမ်းအင်ရရှိရေးအတွက်လည်း ကြိုးစားနေကြကြောင်း၊ ကြံ၊ ပြောင်းဖူးနှင့် အခြားသီးနှံများမှလည်း စက်သုံးဆီထုတ်လုပ်ရန် ကြိုးစားနေကြကြောင်း၊ အဲဒီနည်းလမ်းမှာကောင်းမွန်သော်လည်း ရေရှည်စွမ်းအင်ရရှိနိုင်မှု ရှိအောင် ကြိုးစားကြရဦးမှာဖြစ်ကြောင်း၊ ထို့ကြောင့် စက်သုံးဆီ တစ်ခုတည်းအားကိုးလို့ မရနိုင်တော့သည့်အတွက် အစားထိုးစွမ်းအင်ရရှိရေး ကြိုးစားကြရမှာဖြစ်ကြောင်း” ပါမောက္ခဌာနမှူး ဒေါက်တာကြည်ကြည်သင်းက ရုပ်ပုံကားချပ်များနှင့်တကွ အကျယ်တဝင့် ဆွေးနွေးသွားခဲ့ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

**အစားထိုးစွမ်းအင်များအဖြစ် နေ၊ လေ၊ ရေစတဲ့ သဘာဝစွမ်းအင်တွေကို ရယူသုံးနိုင်ရန် ကြိုးစားနေကြ၊ အဲဒီ သဘာဝစွမ်းအင်တွေကို နိုင်နိုင်နင်းနင်း ရယူသုံးစွဲနိုင်လျှင် သဘာဝပတ်ဝန်းကျင် ပျက်စီးထိခိုက်မှု လျော့နည်းပြီး စက်သုံးဆီဈေးနှုန်းလည်း အထိုက်အလျောက် လျော့နည်းလာနိုင်၊ ဘယ်လိုစွမ်းအင်ကိုပဲ သုံးသုံး သဘာဝပတ်ဝန်းကျင်မထိခိုက်ရန် လိုအပ်။**

# သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

## အမေရိကန်ဆီးတယ်လ်မြို့၌ ဆီးနှင်းများထူထပ်စွာကျဆင်း မော်တော်ယာဉ်သွားလာမှုများ ပြတ်တောက်

ဆီးတယ်လ် ဩဂုတ် ၂၃

အမေရိကန်နိုင်ငံ ဆိပ်ကမ်းမြို့ဖြစ်သော ဆီးတယ်လ်မြို့တွင် ဩဂုတ်၂၃ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ကြောင်း (အပေါ်ပုံ)၊ ဆီးနှင်းများ ဆိုးရွားစွာ ကျဆင်းခဲ့မှုကြောင့် မော်တော်ယာဉ်သွားလာမှုပြတ်တောက်ခဲ့ကြောင်း အမေရိကန် အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

### ကယ်ဆယ်

ထို့အတူ တောင်ပေါ်မှ ရေခဲလွှာနှစ်ခု ရုတ်တရက်ပြိုကျခဲ့မှုကြောင့် လူငယ်နှစ်ဦး ရေခဲလွှာအကြား နာရီအတန်ကြာ ပိတ်မိနေခဲ့သဖြင့် ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ခဲ့ရကြောင်း ၎င်းတို့က ပြောကြားသည်။

### ဆက်လက်ကျဆင်းမည်

ဆီးတယ်လ်မြို့ဝန်းကျင် ဒေသများတွင် ဆီးနှင်းများကျဆင်းလျက်ရှိရာ လာမည့် နှစ်ရက်အထိ ဆီးနှင်းများ ဆက်လက်ကျဆင်းမည်ဟု အမေရိကန် အမျိုးသားမိုးလေဝသဌာနမှ သတင်းထုတ်ပြန်ထားသည်။

## ဂျပန်အရှေ့ပိုင်း ကန်တိုဒေသ၌ လျှပ်စီးလုပ်အဆောက်အအုံအချို့ပျက်စီး

တိုကျို ဩဂုတ် ၂၃

ဂျပန်နိုင်ငံအရှေ့ပိုင်း ကန်တိုဒေသတွင် ဩဂုတ်၂၃ရက်က ရစ်ချ်တာစကေး ၅ဒသမ၁ရှိ လျှပ်စီးလုပ်သွားကြောင်း ဂျပန်နိုင်ငံ အမျိုးသားလျှပ်ဗျူရိုက သတင်းထုတ်ပြန်သည်။

### ပင်လယ်ပြင်ရေအောက်

အဆိုပါ လျှပ်စီးလုပ်မှုကြောင့် ကန်တိုဒေသရှိ အီဘာရာကီမြို့တွင် အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားပြီး အဆောက်အအုံအချို့ ပျက်စီးသွားကြောင်း၊ လျှပ်ဗဟိုမှာ အီဘာရာကီမြို့မှ ကီလိုမီတာ ၅၀ ခန့်အကွာ ပင်လယ်ပြင်ရေအောက်ကို ဗဟိုပြုလှုပ်သွားခြင်းဖြစ်ကြောင်း သိရသည်။

## ဝေလအရှေ့ပိုင်း၌ လေဆင်နှာမောင်းမွှေနှောက် နေအိမ်အချို့နှင့် တံတားတစ်စင်း ပျက်စီး

လန်ဒန် ဩဂုတ် ၂၃

ဝေလအရှေ့ပိုင်းတွင် ဩဂုတ်၂၃ရက် နံနက်က လေဆင်နှာမောင်း မွှေနှောက်တိုက်ခတ်သွားသဖြင့် နေအိမ်အချို့ ပျက်စီးသွားကြောင်း (အောက်ပုံ) ဝေလအရာရှိများက ပြောကြားသည်။

### ရေလွှမ်း

လေဆင်နှာမောင်းတိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အချို့နေရာများတွင် ရေလွှမ်းမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် တံတားတစ်စင်း ပျက်စီးသွားကြောင်း ၎င်းတို့က ပြောကြားသည်။

**ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား**

## မန်ယူနည်းပြဖာဂူဆန် တိုက်စစ်မှူးအပူတပြင်းရှာဖွေမည်

**လန်ဒန် ဩဂုတ် ၂၃**

ယခုနှစ်ဩဂုတ်လအကုန် ဘောလုံးသမားအပြောင်းအရွှေ့ရာသီမပိတ်မီ တိုက်စစ်မှူး တစ်ဦးအား ခေါ်ယူစာချုပ်ရေးမှာ အချိန်နည်းနေပြီဖြစ်သဖြင့် အပူတပြင်း ရှာဖွေရမည် ဖြစ်ကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ပြောကြားခဲ့သည်။

မကြာသေးမီ သီတင်းပတ်များက အဓိကအားဖြင့် သိသိသာသာဆက်သွယ်ရန် ကြိုးပမ်းခဲ့သော စပါးတိုက်စစ်မှူးဘာဘာ တော့ဗ်(**ယာပုံ**)အပါအဝင် တိုက်စစ်မှူး အများအပြားက မန်ယူအသင်းသို့ ဆက်သွယ် ခဲ့ကြသည်။

**ပြောကြား**

မိမိအနေဖြင့် အကောင်းမြင်နိုင်သည့် စိတ် နည်းသည်ထက် နည်းလာပြီဖြစ် ကြောင်း၊ ဘောလုံးသမားအပြောင်းအရွှေ့ ဈေးကွက်မှာလည်း ၁၁ရက်မျှသာကျန်တော့ ကြောင်း၊ မိမိတို့အနေဖြင့် ဘောလုံးလောက၌ မည်သူမျှမသိခဲ့ဖူးသောနည်းလမ်းဖြင့် လှုပ်ရှားလုပ်ဆောင်နေကြပြီဖြစ်ကြောင်း ဖာဂူဆန်ကပြောကြားခဲ့သည်။

**ဆက်သွယ်ခဲ့**

ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ် ချန်ပီယံမန်ယူအား ဒေးဗစ်ဆီလ်ဗာ၊ သီယာရီအွန် နရီ၊ ဟန်တယ်လာနှင့် ဆန်တာခရုဇ်တို့က ဆက်သွယ်ခဲ့ကြသည်။ **(အင်တာနက်)**

## ကစားသမား၏ဆန္ဒကိုဆန့်ကျင်၍ ထိန်းမထားဟု ရီးရဲမက်ဒရစ်အသင်း ထုတ်ဖော်ပြောကြား

မက်ဒရစ် ဩဂုတ် ၂၃

**ရီးရဲမက်ဒရစ်အသင်းသည် ရော်ဘင်ဟို၏ အပြောင်းအရွှေ့နှင့် ပတ်သက်ပြီး ရပ်တည်ချက်ပြောင်းလဲကာ ရော်ဘင်ဟိုအနေဖြင့် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လို ပါက ၎င်း၏ဆန္ဒနှင့်ဆန့်ကျင်၍ အသင်းတွင် ဆက်လက်ထိန်းထားမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။**

ဖော်ပြ

**ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ကစား သမားတစ်ဦး၏ဆန္ဒကို ဆန့်ကျင်ပြီး အသင်း တွင် ဆက်လက်ထိန်းထားမည် မဟုတ် ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကိုယ်စားလှယ်မလိုကြောင်း၊ သို့သော်လည်း ရော်ဘင်ဟို၏ တစ်ဖက်သတ်ဆုံးဖြတ်ချက် ကြောင့် ၎င်း၏စာချုပ်ကို ပယ်ဖျက်ပေး ရမည့်အဖြစ်ကိုလည်း မိမိတို့အနေဖြင့် လက်ခံရမည်ပင်ဖြစ်ကြောင်း ရီးရဲမက်ဒရစ် ၏ ဝက်ဘ်ဆိုက် သတင်းတစ်ရပ်တွင် ဖော်ပြသည်။**

**ရီးရဲမက်ဒရစ်အသင်းသည် ယခုအခါ ပြောင်းရွှေ့ကြေးတစ်ရပ်ရပ်ဖြင့် ချယ်လ်ဆီး အသင်းနှင့် သဘောတူညီမည်လား၊ သို့မဟုတ် ရော်ဘင်ဟိုကပင် ပေါင် သန်း၁၂၀တန် ၎င်း၏စာချုပ်ကို ပြန်လည်ဝယ်ယူမည်လားဆိုသည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရ သေးဟု ဆိုသည်။**

(အင်တာနက်)

## ပါရာဂွေးတိုက်စစ်မှူးဆန်တာခရုဇ် ဘလက်ဘန်းနှင့်လေးနှစ်စာချုပ်သစ် ထပ်မံချုပ်ဆို

**လန်ဒန် ဩဂုတ် ၂၃**

ဘလက်ဘန်းတိုက်စစ်မှူး ဆန်တာ ခရုဇ်သည် အသင်းနှင့် လေးနှစ်တာ စာချုပ်သစ် ချုပ်ဆိုလိုက်ခြင်းအားဖြင့် ဘလက်ဘန်းအသင်းတွင် ဆက်နေရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

**ကမ်းလှမ်း**

ပါရာဂွေးလက်ရွေးစင်နှင့် ဘလက် ဘန်းတိုက်စစ်မှူး ဆန်တာခရုဇ်အား မန်စီး တီးအသင်းမှခေါ်ယူရန် ကမ်းလှမ်းခဲ့ပြီး မန်ယူနှင့်အာဆင်နယ်တို့ကလည်း ၎င်းအား ခေါ်ယူရန် ဆက်သွယ်ခဲ့သည်။

**သွင်းယူခဲ့**

သို့သော်လည်း အသက် ၂၇နှစ်ရှိ ဆန်တာခရုဇ်သည် ဘလက်ဘန်းအသင်း ၏ အီးဝုဒ်ပါ့ခ်ကွင်းတွင် ၂၀၁၂ခုနှစ်တိုင် အောင် အသင်းတွင် ဆက်ကစားရန် ဆုံးဖြတ်ချက်ချပြီး စာချုပ်လိုက်ခြင်းသည် ဘလက်ဘန်းနည်းပြသစ် ပေါလ်အင့်စ် အတွက် အဓိက စိတ်အားထက်သန်မှု

ဖြစ်စေခဲ့သည်။ ဆန်တာခရုဇ်သည် ပြီးခဲ့ သည့် ဘောလုံးရာသီတွင် ဘေယန်မြူးနစ်မှ ဘလက်ဘန်းသို့ ပြောင်းရွှေ့လာခဲ့ပြီး ကတည်းက ဂိုးပေါင်း ၂၃ဂိုး သွင်းယူနိုင် ခဲ့သူ ဖြစ်သည်။

**(အင်တာနက်)**

**ချစ်စိုးနိုင် စုစည်းသည်**

# ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် ဆက်လက်ဆင်နွှဲ

# အမျိုးသားဘောလုံးပြိုင်ပွဲ၌ အာဂျင်တီးနားထပ်ဆင့် ဗိုလ်စွဲ

**● ဆင်ဟွာသတင်းများကို အခြေခံ၍ မောင်မောင်မြင့်ဆွေ စုစည်းရေးသားသည်။ ●**

**စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)**

ပေကျင်း ဩဂုတ် ၂၃

**၂၀၀၈ပေကျင်းအိုလံပစ်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိရာ နိုင်ငံတကာမှ အားကစားမောင်မယ်များ ဆက်လက်ယှဉ်ပြိုင် သော ပြိုင်ပွဲများ၌ ဩဂုတ် ၂၃ရက်က ရွှေတံဆိပ်ဆွတ်ခူးခဲ့သော အားကစားမောင်မယ်အချို့ကို ဖော်ပြလိုက်ပါသည်-**

**အမျိုးသားဘောလုံး**

အိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ပေကျင်းမြို့ အမျိုး

**အာဂျင်တီးနားမှ မက်ဆီ(ယာ)က နိုင်ဂျီးရီးယားဘက်သို့ ဤသို့ ထိုးဖောက်ကစား ခဲ့သည်။**

သားအားကစားရုံ၌ ဩဂုတ် ၂၃ရက်က ယှဉ်ပြိုင်ကစားရာ လက်ရှိချန်ပီယံ အာဂျင် တီးနားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိသွားသည်။

အာဂျင်တီးနားတို့က တိုက်စစ်တွင် အင်ဂယ်ဒီမာရီရာ၊ ဆာဂျီရိုအာဂွီတို့ထားရှိ ကစားခဲ့ပြီး ကွင်းလယ်၌ ဖာနန်ဒိုဂါရို၊ ရီကွယ်မီး၊ မာရှေယာနိုနှင့် မက်ဆီတို့က တိုက်စစ်အထိ လိုက်ပါကစားခဲ့ရာ နိုင်ဂျီး ရီးယားဘက်သို့ အကြိမ်ကြိမ်ထိုးဖောက် ကစားနိုင်ခဲ့သည်။

**ချန်ပီယံဂိုး**

နိုင်ဂျီးရီးယားတို့က တိုက်စစ်တွင် ပီတာ၊ ပရိုမစ်တို့နှစ်ဦးကိုတင်ပြီး ကစားခဲ့ ရာ အာဂျင်တီးနားတို့ ပထမပိုင်း၌ဂိုးမသွင်း နိုင်ခဲ့ချေ။ ဒုတိယပိုင်း ၅၈မိနစ်အရောက် တွင် အာဂျင်တီးနားတိုက်စစ်မှူး အင်ဂယ် ဒီမာရီရာက နိုင်ဂျီးရီးယားဂိုးသမား ဗင်ဇီ ဂီကိုကျော်ပြီး သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့ သည်။ ထိုဂိုးသည် ပေကျင်းအိုလံပစ်၌ အာဂျင်တီးနားတို့ ချန်ပီယံဖြစ်စေခဲ့သည့် ဂိုးပင်ဖြစ်သည်။

**အမျိုးသား ဒိုင်ဗင်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည့် တရုတ်မှ ဟောင်လင်း ဤသို့ယှဉ်ပြိုင်ခဲ့ သည်။**

အာဂျင်တီးနားနှင့် နိုင်ဂျီးရီးယားတို့ ၏အိုလံပစ်နောက်ဆုံးဗိုလ်လုပွဲသို့ ကမ္ဘာ ကျော်ဘောလုံးသမား မာရာဒိုနာလာရောက် ကြည့်ရှုအားပေးခဲ့သည်။

**ကျွမ်းဘား**

အမျိုးသမီးတစ်ဦးချင်း ကျွမ်းဘား ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲများကို ဆက်လက် ကျင်းပရာ ရုရှားကျွမ်းဘားမယ်ကာနာအီဗာ က ၇၅ဒသမ၅၀၀မှတ်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးသွားသည်။ ဘူလ်ဂေးရီးယားမှ အင် နာဇူကိုဗာက ၇၁ဒသမ၉၂၅မှတ်ဖြင့် ငွေ တံဆိပ်ရရှိခဲ့ပြီး ယူကရိန်းမှ အင်နာဘီဆို နိုဗာက ၇၁ဒသမ ၈၇၅မှတ်ဖြင့် ကြေး တံဆိပ်ရရှိခဲ့သည်။

**စက်ဘီး**

အမျိုးသားတောင်တက် စက်ဘီးစီး ပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲတွင် ပြင်သစ် စက်ဘီးစီးသမား ဂျူလီယန်အက်ဆာလွန်က ၁နာရီ ၅၅မိနစ်၅၉စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးသွားသည်။ ထို့အတူ ပြင်သစ် စက်ဘီးစီးသမား ပီရဒ်က ၁နာရီ ၅၇မိနစ် ၀၆စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဆွစ်ဇာလန်

**ရွှေတံဆိပ် ဆွတ်ခူးခဲ့သည့် ရုရှား ကျွမ်းဘားမယ် ကနာအီဗာ၏ ယှဉ်ပြိုင် ဟန်။**

စက်ဘီးစီးမယ် နီနိုစသူတာက ၁နာရီ ၅၇ မိနစ်၅၂စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ထို့အတူ အမျိုးသမီးတောင်တက် စက်ဘီးစီးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ ဂျာမနီ စက်ဘီးစီးမယ်ဆာဘင်းစပိုက်ဇ်က ၁နာရီ ၄၅မိနစ် ၁၁စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူး သွားသည်။ ပိုလန်စက်ဘီးစီးမယ် မာဂျာ ဇောစကာက ၁နာရီ ၄၅မိနစ် ၅၂စက္ကန့် ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ရုရှားမှ အီရီနာကာ လန်ယီဗာက ၁နာရီ ၄၆မိနစ် ၂၈စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

**လှေလှော်**

အမျိုးသား မီတာ ၅၀၀ ကယက်လှေ လှော်ပြိုင်ပွဲတွင် ဩစတြေးလျမှ ကင်ဝေါ လှေက ၁မိနစ် ၃၇ဒသမ၂၅၂စက္ကန့်ဖြင့်

**ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် ဂျာမနီ စက်ဘီးစီးမယ် စပိုက်ဇ်၏ အောင်ပွဲ ခံဟန်။**

ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ကနေဒါမှ ကီဗန်ဒန်က ၁မိနစ် ၃၇ ဒသမ ၆၃၀ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဗြိတိသျှက ယက်လှေလှော်သမား တင်ဘရာဘင့်စ်က ၁မိနစ် ၃၇ဒသမ ၆၇၁ စက္ကန့်ဖြင့် ကြေး တံဆိပ်ရရှိခဲ့သည်။

**ဒိုင်ဗင်**

အမျိုးသားဒိုင်ဗင် ၁၀မီတာ အကြို ဗိုလ်လုပွဲတွင် တရုတ်မှ ဟောင်လင်းက ၅၄၅ ဒသမ၉၅စက္ကန့်ဖြင့်လည်းကောင်း၊ ဩစတြေးလျမှ မက်သရူးက ၅၃၃ဒသမ၂၀ မှတ်ဖြင့်လည်းကောင်း၊ တရုတ်မှ ကျို့လူ စင်က ၅၂၆ ဒသမ ၂၀မှတ်ဖြင့်လည်း ကောင်း အရွေးခံရပြီးနောက်ဆုံး ဗိုလ်လုပွဲ သို့ တက်ရောက်သွားသည်။ ။

**ပေကျင်းအိုလံပစ် ဆုရရှိမှုအနေအထား**

ဩဂုတ် ၂၃ ရက် မြန်မာစံတော်ချိန် (ည-၁၀နာရီအထိ)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | တရုတ် | ၄၉ | ၁၉ | ၂၈ | ၉၆ |
| ၂ | အမေရိကန် | ၃၄ | ၃၇ | ၃၆ | ၁၀၇ |
| ၃ | ရုရှား | ၂၁ | ၂၁ | ၂၇ | ၆၉ |
| ၄ | ဗြိတိန် | ၁၉ | ၁၃ | ၁၅ | ၄၇ |
| ၅ | ဂျာမနီ | ၁၆ | ၁၀ | ၁၅ | ၄၁ |
| ၆ | ဩစတြေးလျ | ၁၄ | ၁၅ | ၁၇ | ၄၅ |
| ၇ | တောင်ကိုရီးယား | ၁၃ | ၁၀ | ၈ | ၃၁ |
| ၈ | ဂျပန် | ၉ | ၆ | ၁၀ | ၂၅ |
| ၉ | အီတလီ | ၇ | ၁၀ | ၁၀ | ၂၇ |
| ၁၀ | ယူကရိန်း | ၇ | ၅ | ၁၅ | ၂၇ |
| ၁၁ | နယ်သာလန် | ၇ | ၅ | ၄ | ၁၆ |
| ၁၂ | ပြင်သစ် | ၆ | ၁၅ | ၁၇ | ၃၈ |
| ၁၃ | ဂျမေကာ | ၆ | ၃ | ၂ | ၁၁ |
| ၁၄ | စပိန် | ၅ | ၉ | ၂ | ၁၆ |
| ၁၅ | ဘီလာရုစ် | ၄ | ၅ | ၉ | ၁၈ |
| ၁၆ | ကင်ညာ | ၄ | ၅ | ၄ | ၁၃ |
| ၁၇ | ရိုမေးနီးယား | ၄ | ၁ | ၃ | ၈ |
| ၁၈ | အီသီယိုးပီးယား | ၄ | ၁ | ၁ | ၆ |
| ၁၉ | ကနေဒါ | ၃ | ၉ | ၆ | ၁၈ |
| ၂၀ | ပိုလန် | ၃ | ၆ | ၁ | ၁၀ |
| ၂၁ | နော်ဝေ | ၃ | ၅ | ၂ | ၁၀ |
| ၂၂ | ဘရာဇီး | ၃ | ၃ | ၈ | ၁၄ |
| ၂၃ | ချက် | ၃ | ၃ | - | ၆ |
| ၂၄ | ဆလိုဗက်ကီးယား | ၃ | ၂ | ၁ | ၆ |
| ၂၅ | နယူးဇီလန် | ၃ | ၁ | ၅ | ၉ |
| ၂၆ | ဂျော်ဂျီယာ | ၃ | - | ၃ | ၆ |
| ၂၇ | ကျူးဘား | ၂ | ၉ | ၁၁ | ၂၂ |
| ၂၈ | ဟန်ဂေရီ | ၂ | ၅ | ၂ | ၉ |
| ၂၉ | ဒိန်းမတ် | ၂ | ၂ | ၃ | ၇ |
| ၃၀ | ထိုင်း | ၂ | ၂ | - | ၄ |
| ၃၁ | မြောက်ကိုရီးယား | ၂ | ၁ | ၃ | ၆ |
| ၃၂ | ဆွစ်ဇာလန် | ၂ | - | ၄ | ၆ |
| ၃၃ | အာဂျင်တီးနား | ၂ | - | ၃ | ၅ |
| ၃၄ | မက္ကဆီကို | ၂ | - | ၁ | ၃ |
| ၃၅ | ကာဇက်စတန် | ၁ | ၄ | ၇ | ၁၂ |
| ၃၆ | တူရကီ | ၁ | ၄ | ၃ | ၈ |
| ၃၇ | ဇင်ဘာဘွေ | ၁ | ၃ | - | ၄ |
| ၃၈ | အဇာဘိုင်ဂျန် | ၁ | ၂ | ၄ | ၇ |
| ၃၉ | ဥဇဘက်ကစ္စတန် | ၁ | ၂ | ၃ | ၆ |
| ၄၀ | ဆလိုဗေးနီးယား | ၁ | ၂ | ၂ | ၅ |
| ၄၁ | ဘူလ်ဂေးရီးယား | ၁ | ၁ | ၃ | ၅ |
| ၄၂ | အင်ဒိုနီးရှား | ၁ | ၁ | ၃ | ၅ |
| ၄၃ | ဖင်လန် | ၁ | ၁ | ၂ | ၄ |
| ၄၄ | လတ်ဗီးယား | ၁ | ၁ | ၁ | ၃ |
| ၄၅ | ဘယ်လ်ဂျီယံ | ၁ | ၁ | - | ၂ |
| ၄၆ | ဒိုမီနီကန် | ၁ | ၁ | - | ၂ |
| ၄၇ | အက်စ်တိုးနီးယား | ၁ | ၁ | - | ၂ |
| ၄၈ | မွန်ဂိုလီးယား | ၁ | ၁ | - | ၂ |
| ၄၉ | ပေါ်တူဂီ | ၁ | ၁ | - | ၂ |
| ၅၀ | အိန္ဒိယ | ၁ | - | ၂ | ၃ |
| ၅၁ | အီရန် | ၁ | - | ၁ | ၂ |
| ၅၂ | ဘာရိန်း | ၁ | - | - | ၁ |
| ၅၃ | ကင်မရွန်း | ၁ | - | - | ၁ |
| ၅၄ | ပနားမား | ၁ | - | - | ၁ |
| ၅၅ | တူနီးရှား | ၁ | - | - | ၁ |

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ပိတောက်ရွှေဝါလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# ဖျာပုံမြို့၌ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့် ဆန်အိတ်၊ စာရေးကိရိယာနှင့်စာသင်ခုံများ ပေးအပ်လှူဒါန်း

ဖျာပုံ ဩဂုတ် ၁၂

ဖျာပုံခရိုင် ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာနှင့် သလိပ်တူးမြောင်းကျေးရွာ အမကကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၅ရက် နံနက် ၁၀နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

## အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါ်သန်းနွဲ့စိန်နှင့် အလှူရှင် ဦးဇော်မင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ခရိုင်ပညာရေးမှူးက အဖွင့်အမှာစကားပြောကြားသည်။

## လက်ခံယူ

ဆက်လက်ပြီး အလှူရှင်များကကျောင်းအတွက် ဆန်အိတ် ၁၀၀၊ စာအုပ်၊ စာရေးကိရိယာ အပါအဝင် ကျောင်းသုံးကျောပိုးအိတ် ၂၁၆အိတ်နှင့် စာသင်ခုံများ ပေးအပ်လှူဒါန်းရာ သလိပ်တူးမြောင်းအမကကျောင်းအုပ်နှင့် သလိပ်ကြီးအမက ကျောင်းအုပ်တို့က လက်ခံယူကြသည်။(ယာပုံ)

## လွှဲပြောင်းပေးအပ်

ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် ဦးဇော်မင်းနှင့်ဦးဒန်နီရယ်တို့က လွှဲပြောင်းပေးအပ်ရာ ခရိုင်ပညာရေးမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ အဆိုပါလွှဲပြောင်းပေးအပ်သည့် ကျောင်းဆောင်သစ်မှာ အလျားပေ ၆၀၊ အနံပေ ၃၀၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

# ရွာသာယာ လယ်ယာ/အထွေထွေစီးပွားလုပ်ငန်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ယင်းမာပင်၌ကျင်းပ

ယင်းမာပင် ဩဂုတ် ၁၇

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ရွာသာယာကျေးရွာရှိ ရွာသာယာလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ခုနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၉ရက် နံနက် ၁၁နာရီက ရွာသာယာကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ဆောင်ရွက်ပြီး သဘာပတိနှင့် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းကြွေတို့က အမှာစကားပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် အသင်းအမှုဆောင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ အသင်းသား စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာနှင့် ၂၀၀၇-၂၀၀၈ခုနှစ် နှစ်ချုပ်စာရင်းစစ်ဆေးတွေ့ရှိချက်များကို ဖတ်ကြားရှင်းလင်းသည်။ ယင်းနောက် အစည်းအဝေးကြီးမှ အသင်းသားချီးမြှင့်ငွေကျပ် ၆၁၈၀၀၀ကို ပေးအပ်ပြီး ရွာသာယာကျေးလက်ဆေးပေးခန်းသို့ အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အားကစားရင်ပြင်ပတ်လမ်းတွင် သန့်ရှင်းရေး ဆောင်ရွက်မှုကို ဇွန်၁၀ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# ဖားကန့် လုံးခင်းပတ်လမ်းခင်းရန်ကျောက်စုဆောင်း

ဖားကန့် ဩဂုတ် ၁၄

၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ဖားကန့်မြို့ လုံးခင်းပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်စုဆောင်းမှု အခြေအနေကို ဇူလိုင်၅ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးဦးအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇင်မင်းထွန်းတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါလမ်းမှာ အရှည်ပေ၂၉၇၀၊ အကျယ်၁၂ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၁၈၂၇၀၀၀၀ဖြင့် ဆောင်ရွက်မည့် ကတ္တရာလမ်းသစ်ဖြစ်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အမှတ်(၃)ရပ်ကွက် သီရိမင်္ဂလာလမ်း ကတ္တရာခင်းရန် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မင်းမင်းသန့် ကျောက်စုဆောင်းထားမှုနှင့် ကျောက်စီထားမှုတို့ကို ဇူလိုင်၁၆ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သန်းသန်းထွေးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

# စဥ့်ကူးမြို့နယ် ထွေ/အုပ် ဦးစီးဌာန ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းဆွေးနွေး

စဥ့်ကူး ဩဂုတ် ၁၈

စဥ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်ထမ်းများအား ရုံးလုပ်ငန်းကိစ္စရပ်များ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်းနှင့် တူညီဝတ်စုံပေးအပ်ပွဲကို ဩဂုတ်၅ရက် နံနက် ၁၀နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ရှင်းလင်းဆွေးနွေး

ရေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက ရုံးဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ရုံးဝန်ထမ်းများအား တူညီဝတ်စုံများကို တစ်ဦးချင်းပေးအပ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဩဂုတ် ၃ရက်က သထုံမြို့မဈေးအတွင်း ဈေးသည်များ၊ အလေးချိန်ခွင်၊ တင်းတောင်းများ မှန်ကန်စွာရောင်းချမှုရှိမရှိကို ဦးစီးအရာရှိ ဦးကျော်သူရချစ်၊ ဒုတိယဦးစီးမှူး(ဈေး)ဒေါ်ယုယုဇော်၊ ဈေးခေါင်း(၃)ဦးငွေအေးနှင့်အဖွဲ့ ကြီးကြပ်စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

## ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်
## e-Education Learning Centre
### သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
### (တနင်္လာမှသောကြာ) နံနက် ၈နာရီမှ နံနက် ၁၀ နာရီအထိ
### (စနေ၊ တနင်္ဂနွေ) နံနက် ၈နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၂၅-၈-၂၀၀၈(တနင်္လာနေ့)
- ☐ မြွေအကြောင်းသိကောင်းစရာ
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Cognitive Development by Jean Piaget
  - B.Ed သင်တန်းသားများ

၂၆-၈-၂၀၀၈(အင်္ဂါနေ့)
- ☐ Curriculum Development
  - B.Ed ပထမနှစ်စာပေးစာယူ သင်တန်းသားများ
- ☐ မြန်မာစာဘာသာအတွက် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများ အသုံးပြုသင်ကြားခြင်း
  - B.Ed မြန်မာစာအထူးပြု စာပေးစာယူ သင်တန်းသားများ
- ☐ Validity & Reliability
  - B.Ed (ဒုတိယနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)

၂၇-၈-၂၀၀၈(ဗုဒ္ဓဟူးနေ့)
- ☐ The Role of the Headmaster
  - B.Ed (ဒုတိယနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)
- ☐ Three Focal Points in Education
  - B.Ed (ပထမနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)

၂၈-၈-၂၀၀၈(ကြာသပတေးနေ့)
- ☐ Key Functions of Management
  - B.Ed (ဒုတိယနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)
- ☐ An Introduction to Educational Psychology
  - B.Ed (ပထမနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)

၂၉-၈-၂၀၀၈(သောကြာနေ့)
- ☐ The Home (Educational Theory)
  - B.Ed (ပထမနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)
- ☐ General Methodology
  - B.Ed (ဒုတိယနှစ်စာပေးစာယူ ကျောင်းသား ကျောင်းသူများ)

၃၀-၈-၂၀၀၈(စနေနေ့)
- ☐ The Origins of Feudalism
  - ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Political and Military Aspects of Feudalism
  - ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Revival of Trade
  - ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ရသစာပေအထူးပြု ကျောင်းသားကျောင်းသူများ
- ☐ French Bourgeoisie Revolution
  - ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Socialist Revolution
  - ပထမနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Greek Civilization
  - ပထမနှစ် သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Earth and its Movement
  - ပထမနှစ် ပထဝီဝင် အထူးပြုကျောင်းသား ကျောင်းသူများ

၃၁-၈-၂၀၀၈(တနင်္ဂနွေနေ့)
- ☐ Study of Taxonomic Description
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Anatomy of Dicot & Monocot Stems
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Dispersal of Plants
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Plant Morphology
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Drugs Obtained From Angiosperms
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Meristematic Tissues and Permanent Tissues
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ FUNGI
  - တတိယနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် လက်ပံတန်းမြို့တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် လက်ပံတန်း ကျုံလဟာဗျူဟာလမ်းတွင် ဇူလိုင် ၃ရက်က ကြက်ဆူ၊ ကျွန်း၊ မဟော်ဂနီ၊ ကံ့ကော်၊ ခရေနှင့် သပြေပင်များကို မြို့နယ် ဥက္ကဋ္ဌ ဦးချစ်သိန်းနှင့် သစ်တောဦးစီးအရာရှိ ဦးခင်မောင်မြင့်၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

# အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လ ဝိဇာတမွေးနေ့နှင့် သိက္ခာထပ်ပွဲ ပြည်၌ကျင်းပ

ပြည် ဩဂုတ် ၂၁

**ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ဝေပုလ္လရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ကြီး ဖြစ်တော်မူသော ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်း သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လဆရာတော်ကြီး၏ သက်တော် (၆၅) နှစ်ပြည့် ဝိဇာတမွေးနေ့နှင့် (၈၈)ကြိမ်မြောက် သိက္ခာထပ်အလှူတော် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ ကျင်းပသည်။**

**သိမ်ဆင်းလောင်း**

အခမ်းအနားတွင် ပင့်သံဃာ ၁၇၄ပါးတို့အား အရဏ်မုန့်ဆွမ်းဆက်ကပ်လှူဒါန်းပြီး သက်တော်ရှည်ဆရာတော်ကြီး ငါးပါးအား အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လဆရာတော်ကြီးက လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်း၍ ဆရာတော်ကြီးအား (၈၈)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာပြုလုပ်ကာ သိမ်ဝင်သံဃာ ၅၄ပါးတို့အား တပည့်ဒါယကာ၊ ဒါယိကာမများက လောင်းလှူကြသည်။

**ရွတ်ဖွား**

ထို့နောက် နံနက် ၈ နာရီတွင် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံကျော်အဆိုတော် ယဉ်ဝေယံထွန်းနှင့်ထားတို့က ရတုပိုဒ်စုံ တေးထပ်တို့ဖြင့်ပူဇော်၍ မွေးနေ့ရှင်ဆရာတော်ဘဒ္ဒန္တဝေပုလ္လ ဆရာတော်ကြီးထံမှ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီး လှကျော်နှင့် ဧည့်ပရိသတ်တို့က ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များကို ရွတ်ဖွား ချီးမြှင့်တော်မူကြသည်။

ယင်းနောက် မွေးနေ့ရှင်ဆရာတော်ကြီးက ပြည်မြို့မဟာသုဒဿနရာမ စာသင်တိုက်၏ ပညာရေးပဒေသာပင် အတွက် အလှူငွေကျပ်၁၀သိန်း၊ ပန်းတောင်းမြို့ သဒ္ဓမ္မဝံသ ပေါင်းတည်ကျောင်းတိုက် သင်္ဃိုက်သုခကျောင်းဆောင်အတွက် အလှူငွေကျပ် ၁၀သိန်း၊ ပြည်မြို့ ဈေးကြီးအနီး ဆုတောင်းပြည့်ဘုရား ဓမ္မာရုံတည်ဆောက်ရေးအတွက် အလှူငွေကျပ်ငါးသိန်း၊ ပြည်မြို့ ခေတ္တရာမြို့သစ် ဓမ္မောဒယကျောင်းတိုက်ဆရာတော်အား ဘုန်းတော်ကြီးသင် ပညာရေးအတွက် အလှူငွေကျပ်နှစ်သိန်း၊ ပြည်မြို့ ရွာဘဲတောင်ပေါ်ကျောင်းတိုက် ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူငွေ ကျပ်ငါးသိန်းတို့ကို ဆရာတော်ကြီးက ပေးအပ်လှူဒါန်းရာ မွေးနေ့ရှင်ဆရာတော်ကြီးက အနုမောဒနာတရားဟောကြားတော်မူ၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဖြင့် ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ (၀၅၇)

# အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၃

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ ပညာဒါနပြုလိုသူ အလှူရှင် ဦးဘဏ်ကြီး-ဒေါ်ငြိမ်းတင်နှင့် မိသားစု ၁၆၀(C) ပထမသီရိရိပ်သာ အလုံမြို့နယ် ရန်ကုန်မြို့က မဟာသိပ္ပံအဆောက်အအုံ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို ဗိုလ်အောင်ကျော်လမ်း အမှတ် ၂၉၅-၂၉၇ရှိ မဟာသိပ္ပံ၏ အလှူခံဌာနတွင် ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ၏ ဥက္ကဋ္ဌနှင့် ဒုတိယပါမောက္ခချုပ် (အငြိမ်းစား) သံအမတ်ကြီး ဦးမြသန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

# တန့်ယန်း၌ ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏ်ပြုပူဇော်

တန့်ယန်း ဩဂုတ် ၁၅

**ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ နယ်စပ်ဒေသ ပရိယတ္တိသာသနာပြုကိုင်းကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တကုသလ အရှင်သူမြတ်အား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈) ဖြင့် ဆက်ကပ်လှူဒါန်းသည့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား တပည့်ဒါယကာ၊ ဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲနှင့် (၄၄)နှစ်ပြည့် မွေးနေ့ပွဲကို ဇူလိုင် ၁၄ရက် နံနက် ၉နာရီက ကိုင်းကုန်းပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။**

အခမ်းအနားတွင် ကိုင်းကုန်းပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အရှင်ကောဏ္ဍညမှ ဂုဏ်ပြုဘွဲ့ခံ ဆရာတော်အား ပူဇာသနပလ္လင်ပေါ်သို့ အဘိယာစနနိမန္တနဂါထာဖြင့် လျှောက်ထားပင့်ဆောင်ပြီး လားရှိုးမြို့ အဆိုတော်မကြည်ကြည်ဝင်းရွှေက စောင်းနီလာညိုအဖွဲ့နှင့်တွဲဖက်၍ ထူးမခြားနားသီချင်းဖြင့် သီကျူးပူဇော်ကာ အခမ်းအနားဖွင့်လှစ်သည်။

**ဆက်ကပ်**

ယင်းနောက်ဂုဏ်ပြုခံဆရာတော်ဘဒ္ဒန္တကုသလထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးခိုင်ဇော်နှင့်မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရတို့က ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်ပစ္စည်းများ၊ လှူဖွယ်ခရီးဆောင်အိတ်နှင့် ဆွမ်းဆန်တော်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

**သီကျူးပူဇော်**

ဆက်လက်၍ ဂုဏ်ပြုဘွဲ့ခံ ဆရာတော်၏ထေရုပတ္တိအကျဉ်းကို သာသနာရေးဦးစီးအရာရှိ ဦးတင်လှက ဖတ်ကြားပြီး တေးသံရှင် မကြည်ကြည်ဝင်းရွှေက စောင်းနီလာညိုအဖွဲ့နှင့်တွဲဖက်၍ ကေပိုဒ်ရတုပိုဒ်စုံ တေးထပ်တို့ဖြင့်သီကျူးပူဇော်ကာ ဂုဏ်ပြုခံဆရာတော် ဘဒ္ဒန္တကုသလထံမှ အနုမောဒနာတရားနာကြားကြပြီး အမျှအတမ်း ပေးဝေကြောင်းသိရသည်။**(ပြည်နယ် ပြန်/ဆက်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ညောင်ကန်ကျေးရွာနှင့် ဖိုလေးလုံးကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

**ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော သံဖြူဇရပ်မြို့ဘက်မှအဝင်တွင် ကျောက်ပန်းကွက်ဖော် မြေထိန်းနံရံ ပြုလုပ်ခြင်းကို ဇူလိုင် ၁၇ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်းဝင်းမောင်တို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ကျောက်ရွှေထည်နှင့်ငွေသား ပိုင်ရှင်ထံ ပြန်လည်ပေးအပ် ဝန်ထမ်းများ၏ ရိုးသားမှုအတွက် တာချီလိတ်၌ ဂုဏ်ပြု

တာချီလိတ် ဩဂုတ် ၂၁

**ကျောက်ရွှေထည်နှင့်ငွေသားများအား ပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို တာချီလိတ်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(စာတိုက်)၌ ဩဂုတ် ၁၅ရက် နံနက် ၁၀နာရီက ကျင်းပသည်။**

**ဂုဏ်ပြု**

အခမ်းအနားတွင် တာဝန်ခံအင်ဂျင်နီယာ ဦးအုံးသွင်က ကျောက်ရွှေထည်နှင့် ငွေသားများအား ပိုင်ရှင်ထံလွှဲပြောင်းပေးအပ်ရာ ပိုင်ရှင်ဖြစ်သူ တာချီလိတ်မြို့ ပုန်းထွန်ရပ်နေ ဒေါ်တင်တင်နွယ်က လက်ခံရယူကာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများ၏ ရိုးသားမှုအတွက် ဂုဏ်ပြုဆုငွေပေးအပ်သည်။

**ပေးအပ်**

ဖြစ်စဉ်မှာ ဩဂုတ်၁၁ရက် မွန်းတည့် ၁၂နာရီက တာချီလိတ်မြို့ မြန်မာ့ဆက်သွယ်ရေးစခန်း(စာတိုက်) တယ်လီဖုန်းအခွန်ငွေသွင်းကောင်တာ၌ အဝါနုရောင်ပိုက်ဆံအိတ်တစ်လုံးအား ပိုင်ရှင်မဲ့တွေ့ရှိရသဖြင့် ဆက်သွယ်ရေးဝန်ထမ်းများက ထိန်းသိမ်းထားရှိပြီး ရုံးပိတ်ချိန်အထိ လာရောက်စုံစမ်းသူမရှိသည့်အတွက် တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် ပိုက်ဆံအိတ်အား ဖွင့်လှစ်စစ်ဆေးရာ အလေးချိန်တစ်ကျပ်သားရှိ ရွှေလက်ကောက်တစ်ကွင်း၊ အလေးချိန်သုံးကျပ်သားရှိ လက်ကောက်တစ်ကွင်းနှင့်ငွေကျပ်တစ်သိန်း ခြောက်သောင်းတို့ကို တွေ့ရှိရပြီး ပိုက်ဆံအိတ်အတွင်းပါ မှတ်ပုံတင်မှတစ်ဆင့် ပိုင်ရှင်ထံဆက်သွယ်ကာ ပြန်လည်ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

**လွှဲပြောင်းအပ်နှံ**

အလားတူ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၅ ရက်ကလည်း တာချီလိတ်မြို့ ဆက်သွယ်ရေးစခန်း(ကြေးနန်း)ဌာနမှ ဆက်သွယ်ရေးအဆင့်(၅) မောင်ချစ်ကိုကိုသည် မြို့တွင်းကြေးနန်းလှည့်လည်ဝေငှစဉ် တာချီလိတ်မြို့ ဆန်ဆိုင်းရပ် နှင်းဆီတည်းခိုခန်းအနီးတွင် ပိုက်ဆံအိတ်တစ်လုံးကို ကောက်ရသဖြင့် တာဝန်ရှိသူများ ရှေ့မှောက်တွင် ဖွင့်လှစ်စစ်ဆေးရာ ပိုက်ဆံအိတ်အတွင်း ငွေသား ၁၉သိန်းအား တွေ့ရှိရပြီး ပိုင်ရှင်ဖြစ်သူ တာချီလိတ်မြို့ ဆန်ဆိုင်းရပ်နေ ဦးစိုင်းပန်းအောင်ထံ နေ့ချင်းပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရသည်။ **(၀၁၆)**

# ပြင်ဦးလွင်မြို့ သန့်ရှင်းသပ်ရပ်ရေး လုပ်ငန်းများဆောင်ရွက်

ပြင်ဦးလွင် ဩဂုတ် ၂၂

ပြင်ဦးလွင်မြို့ ရွှေဘိုလမ်းနှင့် ဇီဝကလမ်းဆုံနှင့် လမ်းဘေးဝဲယာတွင် ချုံနွယ်၊ မြက်များမရှိစေရန်နှင့် သန့်ရှင်းသပ်ရပ်လှပမှုရှိစေရန်အတွက် ဒုတိယဦးစီးမှူး(သန့်) ဦးဆန်းမင်းနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်နှင့် ဦးစီးအရာရှိ ဦးထင်အောင်တို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖားကန့်မြို့အဝင်လမ်း ဖားရေသောက်အနီး ဥရုချောင်းရေမြင့်တက်မှုမှ ကာကွယ်တားဆီးနိုင်ရန်အတွက် ကျောက်သားတာပေါင်မြှင့်တင်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာများနှင့် သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်စိမ်းတူးဖော်ရေးဌာနနှင့် ကုမ္ပဏီများမှ စက်ယန္တရားများအကူအညီဖြင့် ဇူလိုင် ၉ ရက်က ဆောင်ရွက်ပေးရာ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း) ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

# ကျောက်ပန်းတောင်းမြို့နယ် ဥက္ကဋ္ဌဖလား မိုးရာသီ လူငယ်ဘောလုံးပြိုင်ပွဲဖွင့်

ကျောက်ပန်းတောင်း ဩဂုတ် ၁၅

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ငွေဖလားဆု မိုးရာသီလူငယ်ဘောလုံးအသင်းများ ပြိုင်ပွဲကွင်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက် ညနေ ၄ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မျိုးလွင်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ် ၁၂ ရပ်ကွက်မှ အားကစားလူငယ်ဘောလုံးအသင်းများနှင့် ဘောလုံးဝါသနာရှင်ပရိသတ်များ တက်ရောက်ကြသည်။

**အနိုင်ရရှိ**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး တောင်မြို့လူငယ်အသင်းနှင့် စံပြရပ်ကွက် လူငယ်အသင်းတို့ စတင်ကစားကြရာ တောင်မြို့လူငယ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **(၀၈၁)**

**ဩဂုတ်၁၆ရက်က ကျောက်တန်းမြို့နယ် အမက ဆင်ကန်ကျောင်း၏ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းအုပ်ဆရာကြီး ဦးလှတင်နှင့် ဆရာ ဆရာမများက ကျောင်းသားကျောင်းသူလေးများအား အာဟာရများ တိုက်ကျွေးစဉ်။** (ပညာရေး)

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၄၄၅၁၀ **Honda CG-125** ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ငြိမ်း မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်)၁၀၅၃၄၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၃၂၄ **Honda M/C** ယာဉ်လက်ဝယ်ရှိသူ ဦးဟန်လင်းထက် မှတ်ပုံတင်အမှတ် ၅/ကဘလ(နိုင်)၀၀၀၁၅၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၀၀၉၈ **Jialing M/C** ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာလွင် မှတ်ပုံတင်အမှတ် ၉/ခအဇ(နိုင်)၀၀၁၃၂၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊ မြောက်ပိုင်း)၊ မန္တလေးမြို့။**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် အင်ဂျင်နီယာနှင့် ဗိသုကာမဟာဘွဲ့ သင်တန်းသားများသည် သရုပ်ပြ၊ လစာနှုန်း (၃၉၀၀၀-၁၀၀၀-၄၄၀၀၀)ရာထူးနေရာများ၌ လည်းကောင်း၊ မဟာအင်ဂျင်နီယာ၊ မဟာဗိသုကာဘွဲ့ရများသည် နည်းပြ လစာနှုန်း(၄၅၀၀၀-၁၀၀၀-၅၀၀၀၀) ရာထူးနေရာများ၌လည်းကောင်း အလုပ်လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ/ သတ်မှတ်ချက်များ ပူးတွဲတင်ပြ၍ လျှောက်ထားရမည်။ နီးစပ်ရာနည်းပညာတက္ကသိုလ်/ ကောလိပ်/သိပ္ပံများတွင် လျှောက်ထားနိုင်ပါသည်။ လူတွေ့စစ်ဆေးခြင်းခံရမည်။

- (က) ခြောက်လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ သုံးပုံ၊
- (ခ) ဘွဲ့လက်မှတ်မိတ္တူ(တိုက်ဆိုင်စစ်ဆေးရန်အတွက် မူရင်းတင်ပြနိုင်ရမည်)၊
- (ဂ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိ ရေးထိုးနိုင်ရမည်၊
- (ဃ) ဝန်ထမ်းစာချုပ် ချုပ်ဆိုနိုင်ရမည်၊
- (င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာ၊
- (စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊
- (ဆ) အသက်ကန့်သတ်ချက်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-
  - (၁) မဟာဘွဲ့ရများသည် ၁၅-၉-၂၀၀၈ရက်တွင် အသက် ၂၆ နှစ်ထက် မကြီးစေရ၊
  - (၂) ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ်တွင် မဟာဘွဲ့ ရေးဖြေစာမေးပွဲ အောင်မြင်ပြီးသူများသည် ၁၅-၉-၂၀၀၈ရက်တွင် အသက် ၂၅ နှစ်ထက် မကြီးစေရ၊
- (ဇ) ခြောက်လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၃။ မဟာဘွဲ့ရများသည် ဝန်ထမ်းအဖြစ်ခန့်အပ်ခံရပြီး ပါရဂူဘွဲ့သင်တန်း အရည်အချင်းစစ် စာမေးပွဲအောင်မြင်ပါက ၁၅-၉-၂၀၀၈ရက်တွင် ဖွင့်လှစ်မည့် ပါရဂူဘွဲ့သင်တန်းသို့ ဆက်လက် တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

၄။ အသေးစိတ်သိလိုပါက နီးစပ်ရာနည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။**

## မြန်မာ့အလင်းသတင်းစာကြော်ငြာများအောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် သြဂုတ် ၂၃

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ် သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။

**အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

**ကျေးဇူးဆပ်ပါမည်** — ကျွန်မ မန္တယ်နီတင်၏ ပတ်စ်ပို့စာအုပ် အမှတ်-၃၂၂၈၂၅ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **မန္တယ်နီတင် ဖုန်း-၃၈၄၅၃၄။**



## ထူးချွန်စွာအောင်မြင်လိုသူများအတွက်

**၈/၉/တက္ကသိုလ်ဝင်တန်း ဘာသာစုံ အိမ်အရောက်လာသင်မည်။ ဖုန်း-၆၉၀၅၂၄။**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော် (၉၄)ရပ်ကွက် (၅) လမ်း၊ တိုက်အမှတ်(၂၅) မြေညီထပ်(၄)၏ မူလပိုင်ရှင် ဦးညီညီမောင် ၁၂/မရက(နိုင်) ၀၁၀၂၈၀၈၏ တိုက်ခန်းစာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ယုဇနဆောက်လုပ်ရေးအဖွဲ့သို့ ထပ်မံလျှောက်ထားခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၄၅ရက်အတွင်း လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။

**ဆက်သွယ်ရန်-ယုဇနစင်တာ၊ အမှတ် ၁၃၀၊ တတိယထပ်၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၀၇၄၅။**

## အများသိစေရန်ကြေညာခြင်း

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ ထောက်ပံ့ဌာန (မှာ၊ဝယ်)ဌာနစုမှ ဒေါ်စန်းစန်းမော်က ဒုတိယရဲမှူးကြီးမြင့်ဆွေ(ငြိမ်း)ထံမှ ချေးယူထားသော ငွေကျပ် ၃၃၅၀၀၀၀ (ကျပ်သုံးဆယ့်သုံးသိန်းငါးသောင်းတိတိ)ကို ၁၄-၈-၂၀၀၈ရက်တွင် ပေးချေပြီး ဖြစ်ပါသောကြောင့် ဒုတိယရဲမှူးကြီးမြင့်ဆွေ(ငြိမ်း)နှင့် ငွေကြေးကိစ္စတွင် တစ်စုံတစ်ရာ ပတ်သက်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းမော် ၁၂/ကမတ(နိုင်)၀၁၉၆၂၉။**

## ၁၂-၈-၂၀၀၈ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာ စာမျက်နှာ (၁၈)တွင် ကြေညာထားသော သံတိုင်ဗလီဂေါပက ဥက္ကဋ္ဌဦးမြင့်ထွန်း(ခ) ဦးချိုတူးနှင့် အဖွဲ့ဝင်ဦးရဲနိုင်တို့၏ စာချုပ်ဖျက်သိမ်းကြောင်းနှင့် အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း

**အများသိစေရန်ကြေညာချက်မှာ ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ မှန်ကန်မှုမရှိကြောင်း ဖြေရှင်းကြေညာချက်-**

City Shine Construction မှ MD ဦးဘထွန်း ၁၄/ပတန(နိုင်)၁၀၉၁၉၄နှင့်အဖွဲ့မှ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းတို့အား အောက်ပါအတိုင်း ဖြေရှင်းကြေညာအပ်ပါသည်။

၁။ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ်၂၆၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄(G)၊ မြေကွက်အမှတ်၁၄၊ ဒုတိယတန်းစားမြေအမျိုးအစား၊ ပေ(၅၀×၆၀)အကျယ်အဝန်းသည် အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ၎င်းတို့ပိုင်ဆိုင်ကြောင်းကြေညာသူ ဦးမြင့်ထွန်း(ခ) ဦးချိုတူးနှင့် ဦးရဲနိုင်တို့မှ တာဝန်ယူကြောင်း ကျွန်ုပ်အမှုသည်များအားပြောဆို၍ စာချုပ်နှစ်စောင်ချုပ်ဆိုခဲ့ပါသည်။ ဒုတိယစာချုပ်မှာ ဗိုလ်တထောင်မြို့နယ် ၄၃လမ်း၊ အမှတ် ၁၁၊ ၁၃၊ ၁၇၊ ၁၉၊ ၂၁ နှင့် ၂၃ မြေတိုင်းရပ်ကွက်အမှတ် ၁၄(G)၊ မြေကွက်အမှတ်(၃)၊ စတုတ္ထတန်းစားမြေအမျိုးအစား၊ အကျယ်အဝန်း ပေ(၄၀×၄၀)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄(G)၊ မြေကွက်အမှတ် ၂၅၊ ၂၆၊ ၂၇၊ တတိယတန်းစားမြေအမျိုးအစား၊ မြေအကျယ်အဝန်း ပေ(၅၀×၄၀)စီ ရှိသော ပေ(၁၅၀×၄၀) အကျယ်အဝန်းကို အဆောက်အအုံအသစ်ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ၁၂-၈-၂၀၀၈ရက်တွင် သတင်းစာကြော်ငြာ၌ အထက်ပါမြေကွက် သဘောတူညီချက်စာချုပ်ကို ဖျောက်ဖျက်ထားကြောင်း တွေ့ရှိရပါသည်။ သံတိုင်ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင် ဦးရဲနိုင်တို့သည် ကျွန်ုပ်အမှုသည်များထံမှ အပေးအယူ စာချုပ်များ ချုပ်ဆို၍ အလိုက်ငွေများ လက်ခံရယူခဲ့ပြီး ဖြစ်ပါသည်။

၂။ သံတိုင်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း(ခ) ဦးချိုတူးနှင့် အဖွဲ့ဝင်ဦးရဲနိုင်တို့သည် ကျွန်ုပ်အမှုသည်များနှင့် အထက်ပါ သဘောတူညီချက်များပြုလုပ်ပြီး မြေစတင်တူးသည့်နေ့တွင် ဆောက်လုပ်မည့်အချိန်ကာလ၊ ကာလစည်းကမ်းချက်များကို သတ်မှတ်မည်ဖြစ်ကြောင်း၊ အချိန်အတိုင်းအတာတွင် နှစ်ဖက်သဘောတူ သတ်မှတ်မည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး စာချုပ်ချုပ်ဆိုခြင်းဖြစ်ပါသည်။ ယင်းစာချုပ်ချုပ်ဆိုခြင်း၏ သဘောတရားအရ မည်သည့်အချိန်အခါမဆို ကျွန်ုပ်အမှုသည်ဘက်မှ အဆောက်အအုံသစ် ဆောက်လုပ်ရန်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ကျွန်ုပ်အမှုသည်မှ ဆောက်လုပ်ရန် မြေပုံထုတ်ယူပြီးဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်များဘက်မှ ဖော်ပြပါကိစ္စများ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ အဆောက်အအုံဆောက်လုပ်ရန် အဆင်သင့်ဖြစ်ကြောင်း၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အား ပြောကြားသော်လည်း ၎င်းတို့က နှေးညအချိန်ဆွဲခဲ့ပါသည်။ ၁၉၉၈ခုနှစ် အောက်တိုဘာ ၇ရက်တွင် ယခုကဲ့သို့ သတင်းစာထဲတွင် ကြေညာသောကြောင့် ကျွန်ုပ်အမှုသည်ဘက်မှ ပြန်လည်ဖြေရှင်းပြီးဖြစ်ပါသည်။

၃။ ကျွန်ုပ်အမှုသည်များဘက်မှ အဆောက်အအုံသစ်ဆောက်လုပ်နိုင်သော မြေကွက်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရန် အဆင်သင့်ဖြစ်ကြောင်း ပြောကြားသော်လည်း သံတိုင်ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တို့က မမှန်မကန်လုပ်ဆောင်လာပါသည်။ ကျွန်ုပ်အမှုသည်များဘက်မှ ဥပဒေနှင့်ညီညွတ်သော ကိစ္စရပ်များကိုသာ ဆောင်ရွက်ခဲ့ပါသည်။

၄။ ၁၂-၈-၂၀၀၈ရက်စွဲပါ ကြေညာချက်သည် နှစ်ဖက်သဘောတူညီထားသော သဘောတူညီချက် (သို့မဟုတ်) ပဋိညာဉ်ကို တစ်ဖက်တည်းမှ မိမိသဘောဖြင့် ဖျက်သိမ်း၍မရကြောင်း ကျွန်ုပ်အမှုသည်ဘက်မှ မှားယွင်းမှု၊ ပျက်ကွက်မှုတစ်စုံတစ်ရာမျှ မရှိကြောင်း၊ သံတိုင်ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့မှ ၁၂-၈-၂၀၀၈ရက်တွင် မမှန်မကန်ကြေညာပြီး ဖြစ်ရပ်အမှန်များကို ဖျောက်ဖျက်၍ သတင်းစာ၌ ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။ အခြားကန်ထရိုက်တာများနှင့် အဆောက်အအုံဆောက်လုပ်ရန် ထပ်မံဆောင်ရွက်မည်ဆိုပါက ကျွန်ုပ်အမှုသည်များဘက်မှ လက်မခံပါ။ ကျွန်ုပ်အမှုသည်ဘက်မှ သိန်းပေါင်းများစွာ အကုန်ကျခံ၍ ဆောင်ရွက်ခဲ့ရသဖြင့် ကျွန်ုပ်အမှုသည်တွင် များစွာနစ်နာဆုံးရှုံးနေသောကြောင့် ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၅။ ကျွန်ုပ်အမှုသည်များသည် ဂုဏ်သရေရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်များဖြစ်ပြီး သံတိုင်ဂေါပကမှ အများသူငှာ ယုန်ထင်ကြောင်ထင်အောင် မမှန်မကန်ကြေညာမှုများသည် ကျွန်ုပ်အမှုသည်များအဖို့ စိတ်အနှောင့်အယှက်ဖြစ်စေပြီး ဂုဏ်သိက္ခာထိခိုက်ပါသည်။ ၁၂-၈-၂၀၀၈ရက်စွဲပါ သံတိုင်ဂေါပက၏ မမှန်မကန်ကြေညာမှုအား အမြန်ဆုံးပြန်လည်ရုပ်သိမ်းပေးရန် သံတိုင်ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဦးရဲနိုင်တို့အား သတိပေး သိစေအပ်ပါသည်။ အကယ်၍ ကျွန်ုပ်အမှုသည်များ၏ အထက်ပါတောင်းဆိုချက်များကို မလိုက်နာပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**MD ဦးဘထွန်းနှင့် အဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ဖြူ(သုံးခွ)** — **တရားရုံးချုပ်ရှေ့နေ**

**ဦးငွေလရောင်** — **ဥပဒေအကျိုးဆောင်နှင့် ဥပဒေအကြံပေး**

**၂၉၂၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၅၁-၂၆၇၂၂။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ် ၁၄/က အကျယ်အဝန်း ၀ဒသမ၀၄၈ဧကရှိ မြေပိုင်မြေ လ/န အိမ်ရာမြေကွက်နှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း အမှတ်၂၄/၁ဟုခေါ်တွင်သည့် နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင် ဦးညိုမင်းဦး ၁၂/မဂတ(နိုင်)၀၅၇၃၇၄ထံမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းမှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ တန်ဖိုးငွေအနက် အချို့ငွေတစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေထားခဲ့ပြီးဖြစ်၍ ဖော်ပြပါမြေအဆောက်အအုံနှင့် ပတ်သက်၍ ဥပဒေအရပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဦးစိန်မင်း**

A.G.T.I(M.T), LL.B

**တရားရုံးချုပ်ရှေ့နေ**

**ဒေါ်ယဉ်ယဉ်အေး** C.B.L, LL.B — **ဒေါ်ယုယုမော်** C.B.L, LL.B

**အထက်တန်းရှေ့နေများ**

**အိမ်အမှတ်-၃၃၅၊ ကျိုက္ကဆံလမ်း တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**ရုံး-အခန်း ၃၀၁၊ တိုက်-၉/၁၁၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၅၄၅၃၅၆၊ ၀၉-၉၉-၇၃၃၀၈။**

## ကြည့်မြင်တိုင်မြို့နယ် မြေတိုင်းရပ်ကွက်-၂၅(အီး) မြေကွက်အမှတ် V-၅၅နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ခေါင်းစဉ်ပါ မြေနှင့်မြေပေါ်ရှိ ထီးတန်းရပ်ကွက်၊ ထီးတန်းလမ်းမ၊ အမှတ် ၁၀၉မြေနှင့်အိမ်ကို အမည်ပေါက်သူ ဗိုလ်ကြီးကွန်း(ငြိမ်း)နှင့် ဒေါ်ကျွေတို့၏ သားသမီးများဖြစ်သော ဒေါ်သောင်းသောင်းစိန်တို့ မောင်နှမရှစ်ဦးထံမှ အပြီးအပိုင်ဝယ်ယူရန် ယင်းပစ္စည်း၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်ဖြင့် -**

**ဦးဝင်းဌေး LL.B, D.B.L, D.M.L**

**တရားရုံးချုပ်ရှေ့နေ**

**၅၆၁၊ (ပ)ထပ်၊ M.A.C တာဝါ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၁) တိုးချဲ့ရပ်ကွက် မဟာမြိုင်အိမ်ရာ၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(အေ-၃)ကို ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ (KNPDP) ရုံးခန်းဖွင့်လှစ်ရန်အတွက် ၁၃-၁-၂၀၀၀ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**KNPDP ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းဟန်**

**LL.B, D.B.L, B.D.S**

**တရားရုံးချုပ်ရှေ့နေ(၅၇၁၁)**

**(အိမ်)အမှတ် ၈၀၀၊ ၁၉ရပ်ကွက်၊ စည်ပင်လမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**

**(ရုံး) အမှတ် ၅၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို သံတောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့ဝင် ကြိုဆိုပါ၏ ဆိုင်းဘုတ်တွင် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ဇူလိုင်၂၁ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ပဲမခမ်း-ချောင်းကမ်းကြီး ကျေးလက်မြေနီလမ်းခင်းဆောင်ရွက်မှုကို ဇူလိုင်၂၆ရက်က အမှုဆောင်အရာရှိ ဦးသန်းဦး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်သိန်းကြီးကြပ်သော အဖွဲ့ဝန်ထမ်းများ ဇူလိုင်၁၀ရက်က ဇရာရပ်ကွက် ရုံးကြီးလမ်း သွားလာမှုချောမွေ့စေရန် ကတ္တရာလမ်းပေါက် ဖာထေးမှုကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**
* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၀၈ခုနှစ် ဩဂုတ်၂၄ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံ ဝန်ကြီးချုပ် မစ္စစ်ယူလီယာ တီမိုရှင်(န်)ကိုထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ်အားလက်ခံတွေ့ဆုံ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အဖွဲ့အစည်းများ၊ သံတမန်များနှင့်လည်း Mr. Gambari တွေ့ဆုံခဲ့၊ ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံခွင့်ရရန် Mr.Gambari အနေဖြင့် အမျိုးမျိုးကြိုးစားခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်က ငြင်းပယ်ခဲ့သည့်အတွက် တွေ့ဆုံခွင့်မရခဲ့

**နေပြည်တော် ဩဂုတ် ၂၃**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari နှင့် အဖွဲ့သည် ဩဂုတ်၁၈ရက် နံနက် ၉နာရီ ၁၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ထို့နောက် Mr.Gambari သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့တို့နှင့် သီးခြားစီ တွေ့ဆုံခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻

# မူဝါဒလမ်းစဉ်(၇)ရပ်ပျက်ပြားအောင်၊ နှောင့်နှေးအောင် ကြိုးပမ်းချက်မှန်သမျှ လက်မခံနိုင် ဒီမိုကရေစီစနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်ရေး ကုလသမဂ္ဂအနေဖြင့် ပါဝင်ကူညီသင့်

**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari တို့သည် ဩဂုတ် ၁၉ရက် ညနေ၃နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ●